ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (26-4-2007) (၅၂၉၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း မစ္စတာဘောရစ်ယဲ့လ်ဆင် ကွယ်လွန်သွားခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာဗ္ဗီ၊ ပူတင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရဆရာတော်ကြီး နှစ်ပတ်လည်ပူဇော်ပွဲ ကမ္ဘာအေးတိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၅

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိသာသနာ လင်္ကာရအကျော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D)ဆရာတော်ကြီး၏ ပြတိုက်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ပြတိုက်စံကျောင်းတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မမျှော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းဒါယကာ ကျောက်စာတိုင်အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာသာရင်မြတ်နှင့် ဖိတ်ကြားထားသူများ၊ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပြတိုက်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ထိုအချိန်တွင် ဆရာတော်ကြီး၏ တပည့် သံဃာတော်များက ဂုဏ်တော်များရွတ်ပွား၍ ပူဇော်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ရုပ်တုတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် တိပိဋကဓရ စာမေးပွဲအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မမျှော် ဆရာတော်ကြီးအမှူးပြုသော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ၊ ပရိယတ္တိသာသနာလင်္ကာရအကျော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ ပြတိုက်ဖွင့်ပွဲနှင့် ရုပ်တုတော်ပူဇော်ပွဲတွင် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror — ဆောင်းပါးအညွှန်း

❒ *နယ်စပ်ဒေသများပါမကျန် အေးချမ်းတည်ငြိမ်မှုရရှိလာသဖြင့် ယခုအခါ နိုင်ငံတော်အစိုးရသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသောကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါးပြဿနာများကိုပါ တားဆီးနှိမ်နင်းနိုင်ရန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်လျက်ရှိသည်။*

ထက်ခေါင်၏ **"နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူပေါင်းစွမ်းဆောင်မှု အောင်ပွဲ (သို့မဟုတ်) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ရှားမှု၏ အသီးအပွင့်များ"** (ဆောင်းပါး) စာမျက်နှာ–၆၊၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၆–၄–၂၀၀၇
(ကြာသပတေးနေ့)

ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များအား လေ့လာဆည်းပူး ကုသရေး၌အကျိုးရှိရှိ လက်တွေ့ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၂၂ ရက်နေ့က မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့ရှိဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံရာတွင်–

“ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီး နားလည်သိရှိလက်တွေ့အသုံးပြုနိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးနေရမှာ ဖြစ်ကြောင်း၊ ပြင်ပဆေးတက္ကသိုလ်များ၊ ဆေးရုံများနှင့် ဘာသာရပ်အလိုက်ပညာနှင့်အတွေ့အကြုံဖလှယ်ခြင်း၊ လေ့လာခြင်းစသည့်နည်းလမ်းများကို ညှိနှိုင်းကျင့်သုံးသွားရန် လိုကြောင်း” လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အဆောက်အအုံများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများကို တိုးချဲ့တည်ဆောက် ဝယ်ယူတပ်ဆင်ပေးလျက်ရှိသည်။ တစ်ဖက်မှလည်း ဆေးပညာရှင် ဆရာဝန်များ၊ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးတို့၌ ဝေဒနာရှင်များအား ရောဂါမျိုးစုံကိုထိရောက်စွာ ကုသပေးလျက်ရှိသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများနည်းတူ အခြားအချက်အခြာကျသော မြို့ကြီးများရှိ ဆေးရုံကြီးများဘက်စုံအဆင့်အတန်း မြင့်မားလာရေးအတွက်လည်း လိုအပ်ချက်များကိုပံ့ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။

မျက်မှောက်ခေတ်သည် ဘာသာရပ်အားလုံးကို ခြုံငုံ၍ အထွေထွေလေ့လာသည့်အဆင့်မှ ဘာသာရပ်အလိုက် အသေးစိတ်ကျွမ်းကျင်စေရန် အထူးပြုလေ့လာသည့်အဆင့်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဆရာဝန်များ၊ အထူးကုဆရာဝန်ကြီးများက ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသော ဆေးပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာဆည်းပူးပြီး ကုသရေးနယ်ပယ်တွင် အကျိုးရှိရှိ လက်တွေ့အသုံးပြု ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများအားလုံး အဆင့်တန်းမီမီ ဆေးကုသမှုများ ခံယူနိုင်ကြမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၂)ရပ်ကွက် စိမ်းလဲ့သာယာလမ်းနေ ကွယ်လွန်သူ မိဘများဖြစ်ကြသော ပခုက္ကူမြို့ မြို့မလမ်းနေ သမာဆန္ဒ ဦးမော်–ဒေါ်နုနုတို့အား ရည်စူး၍ ဦးဇော်ဝင်းထွန်း–ဒေါ်နီလာမော် မိသားစုတို့က အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် (ကျောက်ဆည်) အရှင်ဝိမလထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧရာဝတီတိုင်း၌ စုပေါင်းဇီဝိတဒါန(အဘယဒါန) ငါးများဘေးမဲ့လွှတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး တက်ရောက်၍ ဘေးမဲ့လွှတ်ပေး

နေပြည်တော် ဧပြီ ၂၅

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဧရာဝတီတိုင်း စုပေါင်းဇီဝိတဒါန (အဘယဒါန)ငါးများဘေးမဲ့လွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ ကမ်းနားလမ်း ပန်းခြံဆိပ်ကမ်း၌ ပြုလုပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် ဇနီးတို့မှ ဦးဆောင်၍တက်ရောက်လာကြသူများက ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးတန် ကောင်ရေ ၅၀၀၀၀ကို ငဝန်မြစ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့က ဇီဝိတဒါန ငါးများဘေးမဲ့လွှတ်ပေးစဉ်။
(သတင်းစဉ်)

ကပ်လှူပူဇော်

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ပုသိမ်မြို့သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်ရင်ပြင် ဦးမောင်ကြီး အာရုံခံတန်ဆောင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကန်တော့ကာ ရင်ပြင်တော် တစ်ပတ်လှည့်လည်၍ ရုပ်ပွားတော် မြတ်များအား ရောင်တော်ဖွင့်လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးသည်။ ဧရာဝတီတိုင်းတွင် မြန်မာနှစ်ဆန်း ၁ရက်နေ့ အထိမ်းအမှတ်အဖြစ် မြို့များနှင့် ကျေးရွာရပ်ကွက်များတွင် စေတီ၊ ပုထိုးများသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ငါးများစုပေါင်း၍ ဘေးမဲ့လွှတ်ပေးခြင်း၊ သက်ကြီးရွယ်အိုများအား စုပေါင်းကန်တော့ခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများအား ကုသိုလ်ဖြစ်ဆောင်ရွက်ခြင်း၊ ဒေသအလိုက် သံဃာတော်များပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်မြတ်များ ရွတ်ဖတ်မှုနာယူခြင်းများ ပြုလုပ်ကြကြောင်း သိရှိရသည်။
(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ ရပ်ကွက် ဦးပြုံးချိုလမ်းနေ ဦးအောင်သန်းနှင့်ဇနီး ဒေါ်ယဉ်ကြိုင်၊ သား ကိုဆွေမင်း၊ ကိုသန်းမင်းထက်၊ မနွဲ့နွဲ့အေး၊ သမီးမနုယဉ်ထွေး–ကိုမျိုးမြင့်ဆွေ၊ မြေး–မြင့်မြတ်မင်းထက်တို့က FEC ၇၉၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လှိုင်သာယာ စာပေစာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေလှူဒါန်းပွဲကို ဧပြီ ၉ ရက်က နဝဒေးဥယျာဉ်အိမ်ရာ Noodle House အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာဦးထွန်းမင်းလတ်မိသားစုက ငွေကျပ်နှစ်သိန်း **(အောက်ပုံ)**၊ စက်မှုဇုန်(၅) စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြမောင်နှင့် ပါတိတ်စက်ရုံလုပ်ငန်းရှင် ဦးစိုးနိုင်တို့က ငွေကျပ် ငါးသောင်းစီ၊ စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဝင် ဦးထွန်းဦးက ငွေကျပ် သုံးသောင်း၊ ဗိုလ်မှူးအုန်းကျော်(ငြိမ်း)၊ အမှတ်(၅) ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သီဟနှင့် အမက(၁၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဦးတို့က ငွေကျပ်နှစ်သောင်းစီ၊ ဗိုလ်မှူးသန်းနိုင်(ငြိမ်း)နှင့် မြို့နယ်ဗွီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်စိုးတို့က ငွေကျပ်တစ်သောင်းငါးထောင်စီ၊ စာရေးဆရာ ချစ်မိုးညို၊ မောင်ဇင်ငြိမ်း(ပန်းခိုင်)၊ ဟန်သူရနှင့် မောင်သာဖြန်း(ထန်းတပင်)၊ အမက (၂၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်၊ အမက (၂၅) ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်၊ ဦးအေးကို၊ ဦးစန်းရီနှင့် ဦးမောင်စိုးတို့က ငွေကျပ်တစ်သောင်းစီတို့ကို လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)နှင့် စာရေးဆရာ ဘက်ထရီမောင်သောင်း(ဟင်္သာတ)တို့က လက်ခံရယူကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရွှေပေါက်ကျွန်းဆရာတော်ကြီး ပုံတူရုပ်တုတော်ကြီး အပူဇော်ခံမည်

ရန်ကုန် ဧပြီ ၂၅

မန္တလေးတိုင်း မလှိုင်မြို့နယ် ရွှေပေါက်ကျွန်း သာသနာပြုစခန်း၌ ထားရှိအပူဇော်ခံမည့် ရွှေပေါက်ကျွန်း ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇာဘဒ္ဒန္တ ဇေယျာသိဒ္ဓိ ဓမ္မဉာဏိက၏ ကိုယ်စားပုံတူရုပ်တုတော်ကြီးကို မြဝတီမြို့မှတစ်ဆင့် ပင့်ဆောင်လာခဲ့ရာ ဧပြီ ၂၆ ရက်တွင် ရန်ကုန်မြို့သို့ ဒေသစာရီ ကြွချီရောက်ရှိလာမည်ဖြစ်သည်။

အဆိုပါ ရွှေပေါက်ကျွန်း ဆရာတော်ကြီး၏ ပုံတော်ကို ရွှေပေါက်ကျွန်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုမာရက ဦးစီးပင့်ဆောင်ခဲ့ပြီး ဒေါ်ဖြူဖြူဝင်း (ချိုချိုဖြူအထည်ဆိုင်)နှင့် ဦးစိုင်းဝင်းမြင့်၊ ဒေါ်နန်းရွှေစင် (ခြသေ့်သုံးကောင် ဖော့လုပ်ငန်း)တို့က သွန်းလုပ်ပူဇော်မှု ကုန်ကျ စရိတ်အားလုံးကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရွှေပေါက်ကျွန်း ဆရာတော်ကြီး၏ ကိုယ်စား ပုံတူရုပ်တုတော်ကြီးကို ဧပြီ ၂၆ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဗဟန်း(၃)လမ်း အနောက်ထိပ် အောင်ပန်းကျောင်းတိုက်၌ ထားရှိအပူဇော်ခံမည်ဖြစ်သည်။
(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က သိရီပဝရ ဓမ္မာစရိယ(သိရောမဏိ) အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇောတာရုံ စာသင်တိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၏ တိုက်ကြပ် နာယက မဟာဂန္ထဝါစကပဏ္ဍိတ အရှင်ဉာဏိဿရက အပူဇော်ခံ သံဃာတော်များ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ အင်္ဂုတ္တိုရ် ကျမ်းပြုအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသ ရေးသားသော ဂါထာတော်များဖြင့် ဓမ္မကထိက ဗဟုဇနဟိတရေ ဘွဲ့တံဆိပ်တော်ရ နိုင်ငံကျော်ဓမ္မကထိက တွံတေးအရှင်ဣန္ဒကက ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၏ စာချဆရာတော် အရှင်တေဇဝန္တက အလှူရှင်များ၏ စာရင်းအကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတရေ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ပရိသတ်တို့က အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၁ ရက်၊ မေ ၂၆ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃာ့နာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရတစ်ပါး၊ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ မူလအဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယကောဝိဒသုံးပါး၊ ဒီဃဘာဏက လေးပါး၊ ဝိနယကောဝိဒလေးပါး၊ ဝိနယဓရ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ အပါး ၄၀ စုစုပေါင်း စာအောင်သံဃာ ၇၃ပါး အပါအဝင် ပင့်သံဃာ ၂၄၆ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကြည် ဖုန်း-၆၆၀၇၆၆ ထံတွင်လည်းကောင်း၊ ၂၀၀၇ ခုနှစ် မေ ၂၄ ရက်နေ့မှစ၍ ဝိဇယမင်္ဂလာဓမ္မသဘင် အနောက်ဘက်အလှူခံမဏ္ဍပ်နှင့် ကမ္ဘာအေးစေတီ အရှေ့ဘက်မုခ် အလှူခံမဏ္ဍပ်တွင်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဒုတိယဝန်ကြီး ဦးကျော်သူ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ်(၃၈)ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးသို့ သွားရောက်၍၂၀၀၇ ခုနှစ် မေ ၂၃ရက်တွင် ကွယ်လွန်သွားသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း Mr. Boris Yeltsin အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကွယ်လွန်သွားသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတဟောင်း Mr. Boris Yeltsin အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။
(သတင်းစဉ်)

ပထမအကြိမ် ဓမ္မပူဇာတရားပွဲ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မိချောင်းကန်အပိုင်း(၃) စံပြရပ်ကွက် ပထမအကြိမ် ဓမ္မပူဇာတရားပွဲအဖြစ် မေ ၂၉ ရက်တွင် အရှင်သဒ္ဓမ္မ ကိတ္တိသာရ(အောင်ဆန်းဆရာတော်)၊ မေ ၃၀ရက်တွင် အရှင်သောဘဏ (ရွှေမြင့်မိုရ် ဆရာတော်)၊ မေ ၁ ရက်တွင် အရှင်ဇဝန(မေတ္တာရှင် ရွှေပြည်သာ)၊ မေ ၂ရက်တွင် အရှင်ကုဏ္ဍလ (ဝမ်းသာရွှေကျောင်းဆရာတော်)တို့က ညစဉ် ၆ နာရီခွဲတွင် ခေမာသီလမ်း ဓမ္မသဘင်မဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒေါ်လှလှအေး ဖုန်း-၀၁-၅၇၉၈၀၉၊ ကိုကျော်စွာ ဖုန်း-၀၉-၅၁၃၈၂၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပို့ကုန်သွင်းကုန် သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အနေဖြင့် ဒေသပို့ကုန်မြှင့်တင်ရေး၊ အရည်အသွေးမြင့် ပြည်ပပို့ကုန် တိုးချဲ့တင်ပို့ရေး၊ နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးများတွင် ပိုမိုပါဝင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကုန်သွယ်မှု စည်းရုံးပညာပေး မြှင့်တင်ရေးအဖွဲ့များဖွဲ့ကာ ပြည်နယ်/တိုင်း အသီးသီးတို့တွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ ပို့ကုန်သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ထိရောက် မြန်ဆန်မှန်ကန်စေရန် အတွက် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။ ယခုအခါ သင်တန်းအမှတ်စဉ်(၃၁)ကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌ မေလ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါသင်တန်းသို့ တက်ရောက်လိုကြသော ပြည်နယ်/တိုင်း အသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန(စီမံရေးနှင့် လေ့ကျင့်ရေးဌာန) ရန်ကုန်ရုံးခွဲတွင် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား (၁၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက်က ပြုလုပ်ရာ ဂေါပကအဖွဲ့ဝင် ဦးစောလွင် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးစဉ်။ (၀၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၁၀	အရသာထူးကဲ ဆယ့်နှစ်ရာသီ ပိန္နဲ
၇း၀၅	စာမရခြင်းအကြောင်းအရင်း တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)	၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၀၀	Myanmar Tea Cocktail Competition	၁၀း၄၀	Myanmar Graphic Art Show 2007
၈း၁၅	တေးဂီတအစီအစဉ်	၁၁း၂၀	တေးဂီတအစီအစဉ်
၈း၂၀	ယနေ့ သိပ္ပံနှင့် နည်းပညာ	၁၁း၂၅	မြန်မာမှု အနုလက်ရာပန်းပု (အပေါင်း)ပညာ
၈း၃၅	တေးဂီတအစီအစဉ်	၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကက်ကင်း)	၁၁း၅၀	ပဉ္စမအကြိမ်မြောက်မန္တလေး ကွန်ပျူတာနည်းပညာပြပွဲ
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၂း၂၀	တေးဂီတအစီအစဉ်
၉း၂၀	Say it in English(1)	၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂း၃၅	ဆီးချို၊သွေးချိုရောဂါ အကြောင်း ဟောပြောချက် (အပိုင်း-၁) (ဒေါက်တာ တင့်ဆွေလတ်)
၉း၃၅	ပြည်တွင်းအနုပညာရေးရာ	၁၂း၅၅	တေးဂီတအစီအစဉ်
၁၀း၀၅	တေးဂီတအစီအစဉ်	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် မေ ၂၅

ဦးမျိုးဝင်းထွန်း(Pro)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မေ ၂၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ ၁၆၄ ကိုက်အကွာမှ Wilson Staff No-3 ဘောလုံးကို Wilson Staff No-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များ ဖြစ်ကြသော ဦးကျော်ထူး(လက်ထောက်မန်နေဂျာ Mitsubishi Corporation၊ ဦးခင်မောင်ကျော် MD, United KMK Co., Ltd တို့နှင့် အတူ ကစားလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ကြီးနှင့် အရံစေတီရှစ်ဆူတို့အား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ၁၄/၂ရပ်ကွက် သံသုမာလမ်းနေ ဦးခင်အောင်ဝင်း-ဒေါ်ခင်သီတာထွန်း၊ သားသမီး မြေးတစ်စုတို့က အလှူငွေ ကျပ်တစ်သိန်းကို မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက(ကညင်ကုန်း) ဆရာတော် ဦးဉာဏောဘာသထံ ရေစက်ချအနုမောဒနာတရား နာယူပြီး ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဝေမင်းနှင့် ဦးမြင့်သိန်းတို့ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၆၄)

ဓာတုဗေဒကျောင်းသားဟောင်းများ မိတ်ဆုံပွဲ

ရန်ကုန် မေ ၂၅

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၁၉၈၃-၈၇ ခုနှစ် ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မေ၁ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ M-3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက မဖြူဖြူအေး ဖုန်း-၃၉၄၇၄၀၊ ကိုအောင်သိန်း ဖုန်း-၀၉-၅၀-၁၀၇၅၀၊ ကိုမျိုးသန်း ဖုန်း-၂၅၁၂၀၁၊ ကိုအောင်မြင် ဖုန်း-၀၉-၅၁-၁၈၉၄၅၊ မသဇင်မောင် ဖုန်း-၂၉၅၉၁၇ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မာရူတီ မော်တော်ကား စက်ရုံလုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တရုတ်အစိုးရ ကြိုးပမ်းဆောင်ရွက်မည်

နန်ချန်း ဧပြီ ၂၄

တရုတ်နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရက ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းစီးပြည်နယ်သို့ ရောက်ရှိစဉ်အတွင်း ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

လယ်ယာလုပ်ငန်းခွင်သုံး ကိရိယာများ ရရှိစေရေးအတွက် အစိုးရက ပံ့ပိုးကူညီမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင် ၂၀၀၆ ခုနှစ်မှစ၍ အခွန်အကောက်များကောက်ယူမှုကို အစိုးရက ဖျက်သိမ်းပေးခဲ့ပြီး တောင်သူလယ်သမားများ ဝင်ငွေ တိုးတက်ရေးအတွက် အထောက်အပံ့များ ပေးအပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ အစိုးရအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများ ထူထောင်ရေးအတွက် ရန်ပုံငွေများ ပိုမိုသုံးစွဲသွားမည်ဖြစ်ကြောင်း ဝမ်ကျားပေါင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်၌ ဘိန်းဖြူ သိမ်းဆည်းရမိ

ကဘူး ဧပြီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်၌ ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါး မှောင်ခိုသမားများ အပြန်အလှန်ပစ်ခတ်ကြပြီးနောက် ရဲတပ်ဖွဲ့က ဘိန်းဖြူကီလို ၁၄၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က တနင်္လာနေ့တွင် ဖော်ပြသည်။

ဟီရတ်ပြည်နယ် ဂေါ်ယန်ခရိုင်၌ စနေနေ့ ညနေပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် မှောင်ခိုသမားများ မိနစ် ၃၀ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့က ဘိန်းဖြူကီလို ၁၄၀နှင့် မော်တော်ဆိုင်ကယ် တစ်စီးကို သိမ်းဆည်းရမိလိုက်ကြောင်း၊ မှောင်ခိုသမားများမှာ လွတ်မြောက်သွားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ နူးအာမက်ဆာဂါ၏ ပြောကြားချက်ကို ကိုးကားလျက် အောက်လွတ်ခ် အမည်ရှိ သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရားခံ ပြန်လည်လွှဲအပ်ရေးစာချုပ် စင်ကာပူနှင့်အင်ဒိုနီးရှားလက်မှတ်ရေးထိုး

စင်ကာပူ ဧပြီ ၂၄

အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သည် တရားခံကို ပြစ်မှုကျူးလွန်သည့် နိုင်ငံသို့ ပြန်လည်လွှဲအပ်ရေးစာချုပ်နှင့်ပတ်သက်၍ နှစ်ပေါင်းများစွာကြာသည့်တိုင် အငြင်းပွားဆွေးနွေးခဲ့ကြပြီးနောက် ယင်းစာချုပ်ကို လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြောင်း တနင်္လာနေ့က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံက စင်ကာပူနိုင်ငံနှင့် ယင်းစာချုပ် လက်မှတ်ရေးထိုးရန်အတွက် ဆန္ဒရှိကြောင်း ကာလအတန်ကြာကပင် ထုတ်ဖော်ပြောကြားခဲ့သည်။ အာဘယ့်ကြောင့်ဆိုသော် ၁၉၉၇-၉၈ ခုနှစ် ဘဏ္ဍာရေး အကျပ်အတည်းအတွင်း ပေါ်ပေါက်ခဲ့စဉ်က အာဏာပိုင်များသို့ ငွေပေးစရာရှိသည့် အင်ဒိုနီးရှား နိုင်ငံသူ၊ နိုင်ငံသား အချို့သည် စင်ကာပူနိုင်ငံသို့ ခိုလှုံသွားခဲ့ကြခြင်းကြောင့်ဖြစ်သည်။

တွေ့ဆုံမည်

ဖော်ပြပါ စာချုပ်များကို လက်မှတ်ရေးထိုးရန်အတွက် မိမိတို့ခေါင်းဆောင်များသည် ဘာလီကျွန်းတွင် တွေ့ဆုံကြမည်ဟု စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ယီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဂျင်တီးနားတွင် မိုးသည်းထန်စွာရွာသွန်း စိုက်ပျိုးရေး လုပ်ငန်းများ ပျက်စီးဆုံးရှုံး

ဗျူနိုအေရိစ် ဧပြီ ၂၄

အာဂျင်တီးနားနိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာသန်း ၄၅၀ ပျက်စီးဆုံးရှုံးကြောင်း စိုက်ပျိုးရေးအဖွဲ့အစည်းများက ဧပြီ ၂၂ ရက်က ပြောကြားသည်။

မိုးရွာသွန်းပြီး ရေကြီးမှုကြောင့် ပဲပိစပ်တန် နှစ်သန်း၊ ပြောင်း တန် ၂၀၀၀၀၀၊ ကျွဲနွားကောင်ရေ ၂၇၅၀၀ တို့ ဆုံးရှုံးကြောင်း အာဂျင်တီးနားကျေးလက်စီးပွားရေး လေ့လာရေးအဖွဲ့၊ အာဂျင်တီးနားစိုက်ပျိုးရေး ဖက်ဒရေးရှင်းနှင့် အာဂျင်တီးနား ပြောင်းစိုက်ပျိုးသူများ အသင်းတို့မှ ရရှိသော သတင်းများက ဖော်ပြသည်။

ယခု ရေကြီးရသည့် ဖြစ်ရပ်သည် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးဖြစ်ကာ လူ ၁၂ဦး သေဆုံးပြီး ၅၀၀၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ အခြေအနေ အဆိုးဆုံးဒေသများမှာ အရှေ့မြောက်ပိုင်းအရပ်မှ ကော်ဒိုဘာပြည်နယ်၊ နိုင်ငံမြောက်ပိုင်းမှ ဗျူနိုအေရိစ် ပြည်နယ်နှင့်တောင်ပိုင်းမှ အင်ထရီရို့စ်ပြည်နယ်တို့ ဖြစ်ကြသည်။

နို့စားနွား အကြီးအကျယ်မွေးမြူသော စန်တာဖီးဒေသသည်လည်း ဒုက္ခရောက်သော ဒေသတွင် ပါဝင်ရာ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရည်ရွယ်၍ ထိုဒေသသည် ပြည်ပသို့ အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများ တင်ပို့မှုကို ရပ်ဆိုင်းခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့ အနီး အဝေးပြေးလမ်းတွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် အဆောက်အအုံအချို့နှင့် ကားများပျက်စီးနေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရာမာဒီမြို့၌ ကားဗုံးပေါက်ကွဲ ၁၉ ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ရာမာဒီမြို့အနီး အဝေးပြေးလမ်းပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အသေခံကားဗုံးခွဲမှု ဖြစ်ပွားရာ အီရတ်နိုင်ငံသား ၁၉ ဦးထက်မနည်း သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲရေးပစ္စည်းနှင့် ကလိုရင်းအမှုန့် တင်ဆောင်လာသော ပစ်ကပ်ကုန်တင်ကားသည် မွန်းလွဲ ၂ နာရီခွဲက ပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်သေဆုံးသူများရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူ မယ်စကြာဝဠာ လေယာဉ်မယ် ဆွတ်ခူး

စင်ကာပူ ဧပြီ ၂၄

စင်ကာပူမယ်စကြာဝဠာဘွဲ့ကိုအသက် (၂၄) နှစ်ရှိ လေယာဉ်မယ်က ဧပြီ ၂၂ ရက် ညတွင် ဆွတ်ခူးရရှိသည်။ ၎င်းသည် နောက်ဆုံး ဆန်ခါတင်ရွေးချယ်ခံရသူ ၁၆ ဦးကို ကျော်ဖြတ်ကာ သရဖူဆောင်းသွားခြင်း ဖြစ်သည်။

၎င်းသည် မေလတွင် မက္ကဆီကိုစီးတီး၌ ကျင်းပပြုလုပ်မည့် ၂၀၀၇ ခုနှစ် မယ်စကြာဝဠာပြိုင်ပွဲတွင် စင်ကာပူနိုင်ငံကို ကိုယ်စားပြု ယှဉ်ပြိုင်မည့်သူဖြစ်သည်။ စင်ကာပူမယ်စကြာဝဠာ သရဖူကို ဆောင်းနိုင်သဖြင့် ၎င်းသည် စင်ကာပူဒေါ်လာ ၂၅၀၀၀ (အမေရိကန် ဒေါ်လာ ၁၆၅၅၆)ကို ရရှိသည်။

နိုင်ငံကိုယ်စားပြု မယ်စကြာဝဠာကို ရွေးချယ်နိုင်ရန် စင်ကာပူ၌ မယ်စကြာဝဠာပွဲကို နှစ်စဉ် ကျင်းပလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟူစတန်မြို့၌ ပစ်ခတ်မှုဖြစ်ပွား သေနတ်သမားနှင့် တစ်ဦးသေဆုံး

ဝါရှင်တန် ဧပြီ ၂၄

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း တက္ကဆက်ပြည်နယ် ဟူစတန်မြို့၌ ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းအချိန်က ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်သမားအပါအဝင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းအချိန်က ဟူစတန်မြို့ ဂါလီရီယာအနီးရှိ ရုံးခန်းတွင်းသို့ သေနတ်သမားတစ်ဦး ဝင်ရောက်လာပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ထို့နောက် အဆိုပါသေနတ်သမားသည် အခန်းတွင်းမှမထွက်ခွာမီ မန်နေဂျာဟုယူဆသူ အမျိုးသမီးတစ်ဦးကို ပစ်ခတ်ခဲ့ပြီးနောက် မိမိကိုယ်ကို ပစ်ခတ်အဆုံးစီရင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ တာရွန်ဂါတိရစ္ဆာန်ရုံရှိ အာရှ ဆင်နှစ်ကောင်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းမြို့နယ်တွင် နှစ်ထပ်လမ်းပေါ်မှ ထိုးကျကာ ပျက်စီးသွားသည့် ဘတ်စ်ကားကို ဧပြီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနှင့် တာ့ခ်မေးနစ္စတန် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက် စီးပွားရေးနှင့်ကုန်သွယ်ရေး နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေး

မော်စကို ဧပြီ ၂၄

ရုရှားနိုင်ငံသည် ဓာတ်ငွေ့သိုက်များကြွယ်ဝသည့် တာ့ခ်မေးနစ္စတန်နိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်ဖြစ်ကြောင်း သမ္မတဗလာဒီမာပူတင်က တနင်္လာနေ့တွင် ပြောကြားသည်။

မော်စကိုသို့ရောက်ရှိနေသော တာ့ခ်မေးနစ္စတန်သမ္မတ ဂွာဘန်ဂူလီဘာဒီမူခမ်မီဒေါ့ဗ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် သမ္မတပူတင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ကက်စ်ပီယန်ပင်လယ်ကိုဖြတ်၍ ပိုက်လိုင်းဖြင့် ဓာတ်ငွေ့ပေးပို့မည့် စီမံကိန်းမှာ အဆင့်သစ်တစ်ရပ်သို့ ဝင်ရောက်ပြီဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် စီးပွားရေးနှင့်ကုန်သွယ်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း ရုရှားအီတာ-တာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တင်ပို့

ရုရှားနှင့်တာ့ခ်မေးနစ္စတန် ကုန်သွယ်မှုသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၅ သန်းဖိုးအထိ ရောက်ရှိခဲ့သည်။ တာ့ခ်မေးနစ္စတန်နိုင်ငံ၏ ပြည်ပပို့ကုန်ထက်ဝက်ခန့်မှာ ရုရှားနိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သောကန်ထရိုက်စာချုပ်များအရ တာ့ခ်မေးနစ္စတန်နိုင်ငံသည် ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် တစ်နှစ်လျှင် ဓာတ်ငွေ့ ကုဗမီတာ ဘီလီယံ ၅၀ ကို ရုရှားနိုင်ငံသို့ ပေးပို့မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်တွင်ဗုံးခွဲတိုက်ခိုက်၍ ကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တွင် ဧပြီ ၂၃ရက်ကဖြစ်ပွားသောကားဗုံးခွဲမှုတွင် အမေရိကန် တပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ရကြောင်းအမေရိကန်စစ်ဘက်၏အင်္ဂါနေ့ကြေညာချက်တွင် ဖော်ပြထားသည်။

ဒီယာလာပြည်နယ်တွင်ဖြစ်ပွားသောအဆိုပါတိုက်ခိုက်မှုတွင် အခြားအမေရိကန်တပ်ဖွဲ့ဝင် ၂၀ထိခိုက်ဒဏ်ရာရရှိပြီးအရပ်သားတစ်ဦးလည်းထိခိုက်ရကြောင်းအဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုဖြစ်ပွားသည့်သေဆုံးမှုစာရင်းကိုပါထည့်ပေါင်းလျှင်ဧပြီလအတွင်း သေဆုံးရသောအမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၈၅ဦးရှိသွားပြီဖြစ်သည်။ ၂၀၀၆ခုနှစ် ဒီဇင်ဘာလက သေဆုံးရသောအမေရိကန်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၁၂ဦးရှိရာ ယခုဧပြီလ စာရင်းသည် ဒုတိယအများဆုံးဖြစ်သည်။

ဧပြီ၂၄ရက်လင်းအားကြီးအချိန်အထိကာလအတွင်း ဘဂ္ဂဒက်တွင်ပေါက်ကွဲမှု ၁၅ခုဖြစ်ပွားခဲ့သည်ကိုလေ့လာသိရှိရကြောင်း၊ ထိုပေါက်ကွဲမှုများသည် မြို့ပြင်ပိုင်းတွင် ဖြစ်ပွားသောစိန်ပြောင်းသို့မဟုတ် အမြောက်ဆံပေါက်ကွဲမှုများဖြစ်နိုင်သည်ဟု အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

ပထမကမ္ဘာစစ်သတင်းရုပ်ရှင်ကား ဩစတြေးလျတွင် ရှာဖွေတွေ့ရှိ

ဆစ်ဒနီ ဧပြီ ၂၄

ဩစတြေးလျ စစ်အထိမ်းအမှတ်အဖွဲ့က ပထမကမ္ဘာစစ်ဂါလီပိုလီစစ်ဖြစ်ပွားခဲ့စဉ်အတွင်း အန်ဇက်ကုဗ် ရုပ်ရှင်သတင်းကားဟုယူဆရသည့် သတင်းရုပ်ရှင်ကားကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

၁၉၁၅ ခုနှစ်ရုပ်ရှင်ခေတ်ဦးက ရိုက်ကူးထားသည့် သမိုင်းဖြစ်ရုပ်မှန်သတင်းရုပ်ရှင်ကားတိုကလေးရရှိခဲ့ကြောင်း၊ ယင်းရုပ်ရှင်ကား ရရှိမှုသည် အထင်ကရတွေ့ရှိမှုဖြစ်ပြီး နောက်ထပ် လေ့လာနိုင်စရာဖြစ်ကြောင်း ရုပ်ရှင်ပြတိုက်မှူးဖြစ်သူ စတက်ဖနီးဘွိုင်းက ပြောကြားသည်။ ဩစတြေးလျနှင့် နယူးဇီလန်တပ်ဖွဲ့ဝင်များသည် ဗြိတိန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဂါလီပိုလီဒေသတွင် ၁၉၁၅ ခုနှစ် ဧပြီလအတွင်းက ဆင်းသက်ခဲ့သည်။

ဩစတြေးလျနိုင်ငံက ပထမကမ္ဘာစစ်အတွင်း သေဆုံးသည့် တပ်ဖွဲ့ဝင်များကို အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် ဧပြီ ၂၅ ရက်ကို အန်ဇက်နေ့ဟု အခမ်းအနားများ ပြုလုပ်ကျင်းပခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်မည့်အစီအစဉ် ပိုလန်ပြည်သူအများစု ဆန့်ကျင်

ဝါဆော ဧပြီ ၂၄

ပိုလန်နိုင်ငံတွင် ဒုံးကျည် ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုကို ပြည်သူ ၅၇ ရာခိုင်နှုန်းက ဆန့်ကျင်ကြောင်း လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထားပြီး ယင်းရာခိုင်နှုန်းသည် ၂၀၀၅ ခုနှစ်ကထက် ၂၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ပိုလန်သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းအစီအစဉ်ကို ၂၅ ရာခိုင်နှုန်းသော ဖြေကြားသူများက ထောက်ခံပြီး ၁၈ ရာခိုင်နှုန်းက မည်သည့်သဘောထားမျှမရှိဟု သိရသည်။

ထင်မြင်

ဒုံးခွင်းဒုံးဖြန့်ကြက်ရေး စီမံကိန်းသည် အမေရိကန်က မလုပ်သင့်ဘဲနေတိုးအဖွဲ့က ဖော်ဆောင်သင့်ကြောင်း ၄၁ရာခိုင်နှုန်းသော ပြောကြားသူများကပြောကြားပြီး ၅ရာခိုင်နှုန်းသောသူများကယင်းသဘောထားသည် ကောင်းမွန်မှုမရှိဟု ပြောကြားကြသည်။ ၂၉ရာခိုင်နှုန်းသောသူများက ယင်းကိစ္စနှင့်ပတ်သက်၍ ကွဲပြားခြားနားမှုမရှိဟု ထင်မြင်ကြပြီး ၂၅ ရာခိုင်နှုန်းသောသူများက မဆုံးဖြတ်နိုင်ကြောင်း အဆိုပါ လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

ပိုလန်လူထု သဘောထား စစ်တမ်းကောက်ယူရေးအဖွဲ့က ပိုလန်လူမျိုးလူကြီး ၉၃၇ ဦးကို မတ်လ ၃၀ ရက်မှ ဧပြီ ၂ ရက်အထိ ကောက်ယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံတွင် ကျင်းပသော အာရှအပြည်ပြည်ဆိုင်ရာ ကျွမ်းဘားပြိုင်ပွဲတွင် စင်ကာပူအသင်း ပါဝင်ယှဉ်ပြိုင်နေသည်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးဇီလန်နှင့် တရုတ် လေကြောင်းလုပ်ငန်းများတိုးချဲ့

ဝယ်လင်တန် ဧပြီ ၂၄

နယူးဇီလန်နှင့် တရုတ်လေကြောင်းဌာနအကြား လေယာဉ်များကို လက်မှတ်တစ်စောင်တည်းဖြင့် ပြောင်းလဲစီးခွင့်ပြုသည့် သဘောတူညီချက်အသစ်တစ်ရပ် ပြုလုပ်နိုင်မှုကြောင့် နှစ်နိုင်ငံ၏ အနာဂတ် ခရီးသွားလာရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုရှိလာနိုင်ကြောင်း နယူးဇီလန်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

တရုတ်ပြည်သူ့ လေကြောင်းအုပ်ချုပ်ရေးဌာန ဝန်ကြီး ယန်ယွမ်ယွမ်နှင့် နယူးဇီလန်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး အင်နက်ကင်းတို့ ပေကျင်းတွင် တွေ့ဆုံဆွေးနွေးပြီးသည့်နောက် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

သဘောတူညီ

တရုတ်နှင့်နယူးဇီလန်တို့သည်ယခုလမှစတင်၍ ၁၉၉၃ခုနှစ်က လေကြောင်းလုပ်ငန်း သဘောတူညီချက်ကို ပြင်ဆင်ပြောင်းလဲမည်ဖြစ်ပြီး နှစ်နိုင်ငံ လေကြောင်းဌာနအကြား လေယာဉ်များကို လက်မှတ် တစ်စောင်တည်းဖြင့် ပြောင်းလဲစီးနိုင်သည့် သဘောတူညီချက်အဖြစ် ပြုလုပ်ရန် နှစ်ဦးနှစ်ဖက် လေကြောင်းဌာနများက သဘောတူညီကြသည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံမှခရီးသည်များနှင့် လေကြောင်းဌာနများအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနှင့်အဇာဘိုင်ဂျန် စီးပွားရေးပူးပေါင်းဆောင်ရွက်မည်

ဆိုးလ် ဧပြီ ၂၄

တောင်ကိုရီးယားနှင့်အဇာဘိုင်ဂျန်နှစ်နိုင်ငံ၏ စွမ်းအင်သဘာဝအရင်းအမြစ်များ၊ ဆောက်လုပ်ရေးနှင့် ပြန်ကြားရေး နည်းပညာကဏ္ဍများတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် အဇာဘိုင်ဂျန်သမ္မတ အလီယက်တို့က တနင်္လာနေ့တွင် သဘောတူညီထားကြကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။

နိုနှင့်အလီယက်တို့သည် ဆိုးလ်မြို့တော်တွင် ထိပ်သီးဆွေးနွေးပွဲ ကျင်းပပြီး စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်ရေး ချဲ့ထွင်ရန် တိုက်တွန်းထားသည့်အချက် ၁၀ချက်ပါ ပူးတွဲကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယင်းကြေညာချက်တွင် နှစ်နိုင်ငံမှ ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာ လွယ်ကူစွာ ထုတ်ပေးရန်တိုက်တွန်းပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံချက်၊နှစ်နိုင်ငံအတွင်း အခွန်အကောက် ရှောင်ရှားရန် သဘောတူညီချက် လက်မှတ်ရေးထိုးရန်နှင့် အဇာဘိုင်ဂျန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်ရန်အတွက် တောင်ကိုရီးယားက ထောက်ခံရေးကိစ္စတို့ကို နှီးဆော်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံဘော်နီယိုဒေသတွင်သဘာဝရှားပါးတိရစ္ဆာန်များလေ့လာရေးသမားများ တပ်ဆင်ထားသည့် ကင်မရာမှတ်တမ်းတွင် ရိုက်ယူထားသောရှားပါးကြံ့တစ်ကောင်ကိုဧပြီ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းစွမ်းဆောင်မှုအောင်ပွဲ (သို့မဟုတ်) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလှုပ်ရှားမှု၏ အသီးအပွင့်များ

ယခင်က ရွှေတြိဂံဟုဆိုလျှင် မသိသူရှားလှပါ၏။ လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးအောင် လုပ်ဆောင်နိုင်စွမ်းသည့် အန္တရာယ်အဆိပ်ပင်၊ အဆိပ်သီးဖြစ်သည့် ဘိန်းထွက်ရှိရာ ကမ္ဘာ့အကြီးဆုံး သေမင်းတမန်ဌာနချုပ်အဖြစ် လူသိများနေခြင်းသာ ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဘိန်းသည် ရွှေတြိဂံနယ်မြေ၏ ပင်ရင်းထွက်ကုန် အစစ်အမှန်တော့မဟုတ်။ ဗုဒ္ဓဘာသာ မြန်မာတို့သည် ဘာသာရေးအရရော အစဉ်အဆက်အားဖြင့်ပါ သုရာမေရယအန္တယ်ဝင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ခြင်းကို ရွံရှာစက်ဆုပ်စွာ ရှောင်ရှားခဲ့ကြသည်။ မူးယစ်စေတတ်သောပစ္စည်းကို ရောင်းဝယ်ခြင်းသည် မည်မျှအကျိုးအမြတ်ကြီးသည့် စီးပွားရေးလုပ်ငန်းပင် ဖြစ်စေကာမူ သမာအာဇီဝလုပ်ငန်းမဟုတ်ကြောင်း ဘာသာရေးအသိ၊ လူမှုရေးအသိများဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်စစ်စစ်တို့က ရှောင်ရှားကြခြင်းဖြစ်သည်။

သို့သော် နယ်ချဲ့ဗြိတိသျှလက်အောက် ကျရောက်ခဲ့ရသည့်ကာလများမှစ၍ နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ကျွန်သက်ရှည်စွာ ထိန်းချုပ်နိုင်ရေးအတွက် ဘိန်းကိုမဟာဗျူဟာမြောက် စစ်ရေးလက်နက်ကိရိယာတစ်ခုအဖြစ် ရိုးသားဖြူစင်လှသော ဒေသခံတိုင်းရင်းသားတို့အပေါ် ကောက်ကျစ်စွာ အသုံးချခဲ့ကြရာမှ ဘိန်းစားခြင်းအလေ့အထနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခြင်းတို့သည် မြန်မာ့လူ့ဘောင်အတွင်းသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခဲ့ကြသည်ဟု ဆိုရပါမည်။

ထိုသို့သော သမိုင်းမလှသည့် ဖြစ်စဉ်များဖြင့် မြန်မာ့လူ့ဘောင်အတွင်း ဝင်ရောက်နေရာယူကာ အမည်ဆိုးဖြစ်ပေါ်စေခဲ့သည့် ဘိန်းစိုက်ပျိုးရောင်းဝယ်သုံးစွဲခြင်းဓလေ့ဆိုးကို အပြီးတိုင်ပျောက်ကွယ်သွားစေရန် လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းချပြီး စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုအပိုင်းများကို လျော့နည်းကျဆင်းအောင် ဆောင်ရွက်ရုံမျှသာမက တားဆီးနှိမ်နင်းရေး အပိုင်းကိုလည်း အလေးပေးဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)ကို ၁၉၉၇ခုနှစ် ဧပြီလ ၂၂ရက်နေ့၌ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့သည်။ ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့် အထူးဒေသ(၁)တွင် တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်မှစ၍ ရပ်ဆိုင်းခဲ့ပြီး အထူးဒေသ(၂) 'ဝ'နယ်မြေ၌ ဘိန်းစိုက်ပျိုးမှုရပ်ဆိုင်းကြောင်းနှင့် ဘိန်းကင်းစင်နယ်မြေဖြစ်ကြောင်း ၂၀၀၅ ခုနှစ် ဇွန်လတွင် ကြေညာနိုင်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ပြည်တွင်းအင်အားသက်သက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စွမ်းဆောင်ကြိုးပမ်းလျက်ရှိရာ ထူးခြားစွာ တိုးတက်အောင်မြင်မှုများ ရရှိနေသည်။ သို့ရာတွင် အနောက်အုပ်စုနိုင်ငံကြီးအချို့နှင့် မီဒီယာများက ထိုအချက်များကို မျက်ကွယ်ပြုလျက် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ရောင်းဝယ်ထုတ်လုပ်မှုကို လျစ်လျူရှုထားသဖြင့် ရွှေတြိဂံ၏ဘိန်းထုတ်လုပ်မှုမှာ ကမ္ဘာတွင်ဒုတိယအများဆုံးဖြစ်ကြောင်း၊ အနောက်ဥရောပဈေးကွက်သို့ မူးယစ်ဆေးဝါးများ ရောက်ရှိစေမှု၏ လက်သည်ဖြစ်ပြီး ၎င်းတို့လူငယ်ထုကို အန္တရာယ်ပြုခြိမ်းခြောက်နေသော ပြဿနာများ၏ တရားခံဖြစ်ကြောင်း အစဉ်စွပ်စွဲပုတ်ခတ်ခဲ့ကြသည်။ အမှန်အားဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များ ထိရောက်အောင်မြင်မှုရှိနေမှန်းသိပါလျက် ထိုသို့ စွပ်စွဲနေခြင်းမှာ လူသားမျိုးနွယ်တို့၏ အန္တရာယ်ဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ဝိုင်းဝန်းပံ့ပိုးကူညီရမည်ကို မသိ၍ မဟုတ်ဘဲ ထိုပြဿနာကို နိုင်ငံရေးလက်နက်အဖြစ် ပြောင်းလဲရှုမြင် အသုံးချနေခြင်းသာ ဖြစ်သည်။ သို့သော် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေကြသည့် သမာသမတ်ရှိသော နိုင်ငံတကာ အဖွဲ့အစည်းများလည်း ရှိနေပါသည်။ ထိုအဖွဲ့အစည်းတို့၏ လက်တွေ့လေ့လာရှုမြင်သုံးသပ်မှုများက မြန်မာနိုင်ငံ၏ အခြေအနေကို ပကတိအတိုင်း မြင်သာအောင် မီးမောင်းထိုးပြနိုင်သည်ဟု ဆိုရပါမည်။

ယင်းတို့အနက် မကြာသေးမီက ထုတ်ပြန်ခဲ့သော ၂၀၀၇ခုနှစ် UNODC ၏ အစီရင်ခံစာမှာ ထင်ရှားသော သာဓကဖြစ်သည်။ ၂၀၀၇ခုနှစ် အစီရင်ခံစာသည် ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်မှုများကို ပြန်လည်စိစစ် သုံးသပ်ဖော်ပြထားခြင်းဖြစ်ပေရာ ထိုအစီရင်ခံစာအရ ၂၀၀၆ခုနှစ်အထိ ရွှေတြိဂံနယ်မြေ၏ ပကတိအခြေအနေကို ရှင်းလင်းစွာ သိမြင်နိုင်ပေသည်။

အစီရင်ခံစာ၌ ယခင်က ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံး နိုင်ငံဖြစ်ခဲ့သော မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ်တွင်လည်း ဘိန်းထုတ်လုပ်မှု ဆက်လက်ကျဆင်းခဲ့ကြောင်း၊ UNODC က ထိုဒေသတွင် လူထုအခြေပြု စီမံကိန်းလုပ်ငန်းများ၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး၊ ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီထောက်ပံ့ ဆောင်ရွက်ခဲ့ကြောင်း၊ UNODC ၏ ၂၀၀၆ခုနှစ် ရွှေတြိဂံဒေသ ဘိန်းခင်းတိုင်းတာရေးစီမံချက်အရ မြန်မာ၊ လာအိုနှင့်ထိုင်းနိုင်ငံတို့တွင် ၂၀၀၅ခုနှစ် ဘိန်းထုတ်လုပ်မှုနှင့် ယှဉ်ပါက ၂၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၃၄ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဟက်တာ ၂၁၅၀၀သာ ရှိကြောင်း၊ ၁၉၉၈ခုနှစ်တွင် ဟက်တာ ၁၃၀၃၀၀ရှိခဲ့ရာ ၈၃ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်သော 'ဝ' အထူးဒေသ(၂)အား ဘိန်းကင်းမဲ့ဒေသအဖြစ် ကြေညာနိုင်ခဲ့ကြောင်း၊ ၂၀၁၄ခုနှစ်တွင် ဘိန်းကင်းမဲ့သော ဒေသဖြစ်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ စီမံကိန်းအရ ပထမငါးနှစ်ကာလ ၂၀၀၅ခုနှစ် ဇွန်လအတွင်း ဒေသခံအာဏာပိုင်များက ဘိန်းတားမြစ်ပိတ်ပင်နိုင်မှု အကျိုးရလဒ်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့အပြင် UNODC သည် ဘိန်းအစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိန်းစိုက်တောင်သူများကို ကူညီထောက်ပံ့လျက်ရှိရာ ကိုးကန့်နှင့် 'ဝ'အထူးဒေသများတွင် စားနပ်ရိက္ခာ၊ စီးပွားရေးအခြေခံလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထောက်ပံ့ကူညီလျက်ရှိသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မြေဟက်တာ ၈၀ကို ရေပေးဝေနိုင်သည့် နမ့်ဟူးဆည်မြောင်းကို ဟိုတောင်းမြို့နယ်တွင် ၂၀၀၅ခုနှစ်၌ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ၂၀၀၆ခုနှစ်၌ မိုင်းပေါက်ဒေသတွင် ဆည်ရေသွင်းစပါး စိုက်ပျိုးမှုသည် ၇၈၅ဟက်တာ ရှိလာခဲ့သဖြင့် ၁၉၉၉ခုနှစ်ကထက် ၂၁ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ထက်ခေါင်

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဘိန်းခင်းများဖျက်ဆီးမှုကို ရှောင်ရှားရန်အတွက် ရာသီချိန်ပြင်ပ ဘိန်းစိုက်ပျိုးခြင်းကို မြို့နယ်သုံးမြို့နယ်တွင် ပြုလုပ်ကြောင်း သတင်းရရှိခဲ့သည်။ ယခင်က ဘိန်းအများဆုံး စိုက်ပျိုးသည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် လျှပ်တစ်ပြက် စစ်တမ်းကောက်ယူခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် UNODC တို့၏ ဘိန်းစိုက်ပျိုးမှုတိုင်းတာချက်များအရ စိုက်ပျိုးမှု မတွေ့ရှိခဲ့ပေ။ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း မိုင်းပေါက်နှင့် ဝိန်းကောဒေသများမှ မြို့နယ် ငါးမြို့နယ်၌ မူးယစ်ဆေးစွဲသူများအတွက် ဆေးဖြတ်ပေးခြင်းနှင့် ပြုစုကုသရေးလုပ်ငန်းများကို 'ဝ' ဒေသမူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး အစီအစဉ်အဖြစ် UNODC က ဆောင်ရွက်ပေးခဲ့ရာ မူးယစ်ဆေးဖြတ်ပြီးသူ ၁၀၀၀ကျော်ရှိခဲ့သည်ဟု သိရှိရပါသည်။

ထို့အပြင် ရန်ကုန်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေရေးဆွဲရေးအမျိုးသားနှီးနှောဖလှယ်ပွဲတစ်ခု ကျင်းပခဲ့ရာ လူမှောင်ခိုကုန်ကူးခံရသူများနှင့် မျက်မြင်သက်သေများအား အကာအကွယ်ပေးရေး၊ ပြည်ပရောက်လူမှောင်ခိုကုန်ကူးခံရသူများအား မိခင်နေရပ်သို့ ပြန်လည်ရောက်ရှိစေရန် အကူအညီပေးရေးတို့အတွက် အမျိုးသားရေးလုပ်ငန်းစီမံချက်ရေးဆွဲရန် အတည်ပြုနိုင်ခဲ့ကြောင်း၊ UNODC၏ ကူညီထောက်ပံ့မှုအရ နယ်စပ်ဒေသဆက်ဆံရေးရုံးများဖွင့်လှစ်နိုင်မှုသည် ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ကြောင်းနှင့် ဗန်ကောက်မြို့ UNODC ရုံး၊ မြန်မာနိုင်ငံ UNODC ရုံးနှင့် မဲခေါင်ဒေသခွဲဆိုင်ရာကုလသမဂ္ဂ၏ လူမှောင်ခိုကုန်ကူးတိုက်ဖျက်ရေးဆိုင်ရာသင်တန်းကို နယ်စပ်ဒေသအရာရှိများအတွက် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

UNODC သည် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်း၍ သွေးကြောအတွင်း မူးယစ်ဆေးဝါးထိုးသွင်းသုံးစွဲမှုကြောင့် HIV/AIDS ရောဂါဖြစ်ပွားမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံချက်တစ်ခုကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အမျိုးသား AIDS လုပ်ငန်းအစီအစဉ်ကို အားဖြည့်ဆောင်ရွက်ခဲ့သည်။ ဩဂုတ်လအတွင်းက လူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးစီမံကိန်းကို လားရှိုးမြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကာ သိန္နီနှင့် တာချီလိတ်မြို့နယ်များတွင် မူးယစ်ဆေးစွဲသူများကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းနှစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ HIV/AIDS ရောဂါ တားဆီးကာကွယ်ရေးစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လေ့ကျင့်အသိပညာပေးဆွေးနွေးမှုများကို ရဲဗဟိုလေ့ကျင့်ရေးဌာန ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသုံးခုနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှစ်ခုတို့တွင် ပြုလုပ်ခဲ့သည်ဟု ဖော်ပြထားပါသည်။

အလားတူပင် ၁၉၉၀ အလယ်ပိုင်းကာလနှစ်များတွင် လာအိုနိုင်ငံသည် ဘိန်းထုတ်လုပ်မှု တတိယအများဆုံးနိုင်ငံဖြစ်ခဲ့ရာမှ ယခုအခါ ဘိန်းထုတ်လုပ်မှုမှာ သိသိသာသာကျဆင်းလာခဲ့ကြောင်းကိုလည်း ဖော်ပြထားပါသည်။

ဘိန်းထွက်ရှိရာဒေသအဖြစ် နာမည်ဆိုးဖြင့် ကျော်ကြားနေသော ရွှေတြိဂံဒေသသည် မြန်မာနိုင်ငံ၏ နယ်စွန်နယ်ဖျားဒေသဖြစ်သဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက်များသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ခွဲခြားမရလောက်အောင် တစ်ဆက်တစ်စပ်တည်းဖြစ်နေပေသည်။ ထို့ကြောင့် **မြန်မာနိုင်ငံ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရည်ရွယ်ချက်(၅)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့သည်။ အဆိုပါ ရည်ရွယ်ချက် (၅)ရပ်အပြင် နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းစေရန်ဆိုသော အချက်တစ်ရပ်ကို မူဝါဒအဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့ပေသည်။** ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉-၂၀၁၄ခုနှစ်အထိ ၁၅နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ထိုစီမံကိန်း မစတင်မီ ၁၉၈၉ခုနှစ်ကတည်းကပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ အခြေခံ အဆောက်အအုံများကို အထူးဦးစားပေး တည်ဆောက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသရှိ ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှုများ သိသိသာသာ လျော့နည်းကျဆင်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြဿနာရပ်ကို အခြေခံကျကျဖြေရှင်းခဲ့ခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်

စာမျက်နှာ ၇ ကော်လံ ၁ သို့

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉-၂၀၁၄ ခုနှစ်အထိ ၁၅နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ထိုစီမံကိန်း မစတင်မီ ၁၉၈၉ ခုနှစ်ကတည်းကပင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်။

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မှုသည် အရှိန်အဟုန်ဖြင့် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ Counter Narcotic & Crime (CNC)နှင့် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသည် ၁၉၉၆ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ခုနှစ်တွင် ၈၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုတွင် ၈၈ ရာခိုင်နှုန်း လျော့နည်း ခဲ့ကြောင်း တွေ့ရှိရသည်။ ဤသို့ ကိန်းဂဏန်းဖြင့် လက်ဆုပ်လက်ကိုင် အတိအကျမြင်တွေ့သိရှိနေပါလျက် နိုင်ငံကြီးအချို့က ကျားကျားမီးယပ် လုပ်နေခြင်းမှာ လူသားချင်း စာနာထောက်ထားမှုစိတ်ဓာတ် ခေါင်းပါးခြင်းကြောင့်ဟုသာ ဆိုရပါမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေး အတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများ ဖြင့် တားဆီးနှိမ်နင်း ဖျက်ဆီးခြင်းများကို ဖိဖိစီးစီး ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းခဲ့ခြင်းမရှိပေ။ ယခုကဲ့သို့ အနာနှင့်ဆေး တည့်ပြီး ဘိန်းစိုက်တောင်သူများအတွက် အခြေခံကျလှသည့် လိုအပ်ချက်များဖြစ်သော ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးလိုက်သည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် အခြားစီးပွားရေး အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ ထို့အပြင် အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို နယ်စပ်ဒေသ တိုင်းရင်းသားများအကြား အသိပညာပေးမှုများ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသာလျော့နည်းကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ငါတကောကောနေကြသော နိုင်ငံကြီးတို့အနေဖြင့် အထူးစဉ်းစားသင့်သော အချက်တစ်ခုမှာ ၂၀၀၇ ခုနှစ် UNODC၏ အစီရင်ခံစာအရ ၂၀၀၆ ခုနှစ်တွင် အာဖဂန်နစ္စတန်၏ ဘိန်းထုတ်လုပ်မှုသည် တန်ပေါင်း ၆၁၀၀ အထိ စံချိန်တင်ခဲ့သဖြင့် ကမ္ဘာ့ ထုတ်လုပ်မှု၏ ၉၂ ရာခိုင်နှုန်းရှိပြီး ထုတ်လုပ်မှု ၄၉ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ အထူးသဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ အာဖဂန်နိုင်ငံတောင်ပိုင်းတွင် တစ်ဟုန်ထိုးမြင့်မားလာ၍ ၂၀၀၅ခုနှစ်ထက် ၆၀ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သည်။ ထို့အပြင် ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၁၆၅၀၀၀ ရှိခဲ့ပြီး ကမ္ဘာ့သုံးစွဲမှု၏ ၃၀ရာခိုင်နှုန်းဖြစ်သည်။ Helmand ပြည်နယ်တစ်ခု တည်းမှာပင် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၀၅ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆၂ ရာခိုင် နှုန်းမြင့်တက်ခဲ့သည်ဟု သိရသည်။ ပြည်နယ် ၃၄ခုရှိသည့် အနက် ခြောက်ခုသာလျှင် ၂၀၀၆ခုနှစ်၌ ဘိန်းကင်းမဲ့ ဒေသအဖြစ် ရောက်ရှိခဲ့သည်။ မူးယစ်ဆေးဝါးမှုခင်းနှင့် အကျင့်ပျက်မှုများသည် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကို သာမက အာရှအနောက်ဘက်တစ်လျှောက် အကြမ်းဖက် သောင်းကျန်းမှုများကို အားပေးရာရောက်ကြောင်း UNODC၏ ၂၀၀၆ခုနှစ် အာဖဂန်နစ္စတန် ဘိန်းတိုင်းတာမှုစစ်တမ်းတွင် ဖော်ပြထားသည်။ အခြားတစ်ဖက်တွင် ပြည်တွင်းသောင်းကျန်းမှုများ မရှိတော့သော လာအိုနိုင်ငံသည် ၂၀၀၆ခုနှစ် ဘိန်းကင်းစင်လုနီးပါးဖြစ်ခဲ့သဖြင့် ၁၉၉၀ အလယ်ပိုင်းကာလနှစ်များက ကမ္ဘာ၌ ဘိန်းထုတ်လုပ်မှု တတိယ အများဆုံးနိုင်ငံဖြစ်ခဲ့ရာမှ ခုနစ်နှစ်ကာလအတွင်း ဘိန်းထုတ်လုပ်မှု ၉၃ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထို့ကြောင့် ယခုအခါ လာအိုနိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ဘိန်းတင်ပို့သည့်နိုင်ငံ ဖြစ်နိုင်ဖွယ်မရှိတော့ကြောင်း UNODC က သုံးသပ်ထားသည်။

အဆိုပါ အချက်များကို ဆန်းစစ်ပါက ပြည်တွင်းဆူပူသောင်းကျန်းမှုများရှိနေခြင်း၊ အကြမ်းဖက်အဖျက်သမားလှုပ်ရှားမှုများ ရှိနေခြင်း၊ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းတို့သည် မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းချမှုမြင့်တက်နေခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ပေါ်လွင် နေပေသည်။ ထို့ကြောင့် **မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်နေခြင်းသည် ယခင်က ပြည်တွင်း နိုင်ငံရေး ပြဿနာကိုလက်နက်စွဲကိုင် ဖြေရှင်းခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စေတနာနှင့်လုပ်ရပ် အပေါ် အမြင်ကြည်လင်စွာ သဘောပေါက်နားလည်မှုရှိလာကြပြီး ဥပဒေ ဘောင်အတွင်း ဝင်ရောက်လာကြလျက် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းခွင်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ တက်ညီ လက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်နေခြင်းကြောင့် ဖြစ်သည်မှာ ထင်ရှားလျက်ရှိသည်။**

နယ်စပ်ဒေသများပါမကျန် အေးချမ်းတည်ငြိမ်မှု ရရှိလာသဖြင့် ယခုအခါ နိုင်ငံတော်အစိုးရသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါး ပြဿနာများကိုပါ တားဆီးနှိမ်နင်းနိုင်ရန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ဖြစ်စေရေး အတွက် တားဆီးနှိမ်နင်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံ၏ပကတိဖြစ်ရပ်မှန်များကို မျက်ကွယ်ပြုရုံမျှသာမက နိုင်ငံတော်အား ဆန့်ကျင်နေကြသည့်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူများအားမြှောက်ထိုးပင့်ကော် လုပ်နေကြခြင်းသည် မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းဝယ်မှုကြီးထွားလာအောင် အားပေးဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူသားမျိုးနွယ်အားလုံး၏ အန္တရာယ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို လျစ်လျူရှုထား သည်ဟု မြန်မာနိုင်ငံအား အခြားတစ်ဖက်က စွပ်စွဲနေကြသူများ၏ လက်တွေ့လုပ်ရပ်သည် ကမ္ဘာကြီးတစ်ခုလုံးအား ခြိမ်းခြောက်အန္တရာယ် ပြုနေသည့် မူးယစ်ဆေးဝါးအန္တရာယ် ပိုမိုကြီးထွားလာအောင် လုပ်ဆောင် နေခြင်းသာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

UNODC၏ တရားဝင်ထုတ်ပြန်ချက်ကိုကြည့်လျှင် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူတို့၏ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေသော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလှုပ်ရှားမှု၏ အသီးအပွင့်များကို အသိအမှတ်မပြုလိုသူများ၏ ဖုံးကွယ်၍မရသောလုပ်ရပ်အမှားများကို ခိုင်ခိုင်မာမာ တွေ့ရှိရမည်ဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းစွမ်းဆောင်မှုအောင်ပွဲပင် ဖြစ်သည်။ မည်သည့်အုပ်စု၊ မည်သည့်နိုင်ငံက ကျားကျားမီးယပ်ဟု အော်နေကြသည် ဖြစ်စေ မြန်မာနိုင်ငံကမူ ခနိုးခနဲ့၊ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ သတိဝင်လျက်၊ မပျက်မကွက် ဆက်လက်ချီတက်နေမည်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင်မှု သတင်းထုတ် ပြန်ချက်

ရန်ကုန် ဧပြီ ၂၅

၁။ **ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု။** ။ ရန်ကုန်တိုင်း၊ မရမ်းကုန်း၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မှော်ဘီမြို့နယ် ငါးမြို့နယ်အတွင်း ၂၈–၂–၂၀၀၇ မှ ၃၁–၃–၂၀၀၇ နေ့အထိ ကြက်၊ ဘဲ၊ ရစ်၊ ငုံးခြံ ခုနစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ကျရောက်ဖြစ်ပွားခဲ့ကြောင်း။

၂။ **မွေးမြူရေး ကြက်၊ ဘဲ၊ ရစ်၊ ငုံးများသေဆုံးဖျက်ဆီးမှု။** ။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော ကြက်၊ ဘဲ၊ရစ်၊ ငုံးမွေးမြူရေးခြံ ခုနစ်ခြံနှင့် ရောဂါအန္တရာယ်ကူးစက်ပျံ့နှံ့မှု ကာကွယ်တားဆီးရေး အစီအစဉ်အရ ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံ ၁၆ ခြံမှ ကြက်၊ ဘဲ၊ ရစ်၊ ငုံးကောင်ရေ ၆၅၈၁၂ ကောင် သုတ်သင်ဖျက်ဆီးခဲ့ကြောင်း။

၃။ **ရောဂါထိန်းချုပ်ခဲ့သည့်ကာလ**

စဉ်	မြို့နယ်အမည်	ရောဂါကျရောက်သည့်နေ့	မြို့နယ်အတွင်း ရောဂါထပ်မံကျရောက်သည့်နေ့	ရပ်တန့်ကာလ
၁။	မရမ်းကုန်း (ဥစားကြက်ခြံ)	၂၈–၂–၂၀၀၇		၅၂ရက်
၂။	လှိုင်သာယာ (ဥစားကြက်ခြံ)	၂–၃–၂၀၀၇	၁၀–၃–၂၀၀၇ (မိဘမျိုးရိုးကြက်ခြံ)	၄၂ရက်
၃။	မြောက်ဥက္ကလာပ (ရစ်ခြံ)	၁၃–၃–၂၀၀၇		၃၉ရက်
၄။	မှော်ဘီ၁၈–၃–၀၇ (ညောင်နှစ်ပင်) (ဥစားကြက်ခြံ)			၃၄ရက်
၅။	မင်္ဂလာဒုံ (ငုံးခြံ)	၁၃–၃–၂၀၀၇	၃၁–၃–၂၀၀၇ ထောက်ကြန့်(မြောက်) (ဥစားကြက်ခြံ)	၂၁ရက်

၄။ **ပိုးသတ်ဆေးဖျန်းခြင်း။** ။ဖျက်ဆီးသုတ်သင်ခဲ့သော မွေးမြူရေးခြံများအား ပိုးသတ်ဆေး (၃၂)ကြိမ် ဆေးဖျန်းသန့်စင်ခဲ့ပြီး ဖြစ်ကြောင်း။

၅။ **ရန်ကုန်တိုင်း ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု**

(က) သေဆုံးကြက်၊ ဘဲ၊ ရစ်၊ ငုံးများရောဂါရှာဖွေစစ်ဆေးမှု ၁–၂–၂၀၀၇ မှ ၂၁–၄–၂၀၀၇ နေ့အထိ

အကြောင်းအရာ	သွေးရည်ကြည်စစ်ဆေးမှု	လေပြွန်/စအို တို့ပတ်နမူနာစစ်ဆေးမှု	မှတ်ချက်
ရောဂါဖြစ်ခြံခုနစ်ခြံမှသေဆုံးကြက်၊ဘဲ၊ရစ်၊ငုံးစစ်ဆေးခြင်း	၁၃၆	၆၇၅	နမူနာ ၂၄ ခု H_5N_1 အတည်ပြုစစ်ဆေးတွေ့ရှိ
ရန်ကုန်တိုင်းအတွင်း ကြက် ဘဲ၊ ငုံးသေဆုံးမှုစစ်ဆေးခြင်း	၁၈၉	၂၈၉	ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိပါ
ကျီး၊ စာ၊ ခို၊ အခြားငှက်များ သေဆုံးမှုစစ်ဆေးခြင်း		၅၆၀	ကျီးကန်းနမူနာ ခြောက်ခုတွင် H_5N_1 အတည်ပြုစစ်ဆေးတွေ့ရှိ

(ခ) ရောဂါထိန်းချုပ်နယ်မြေအတွင်း မွေးမြူရေးခြံများ တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးတွေ့ရှိမှု၊ ရောဂါထိန်းချုပ်မြို့နယ် ငါးမြို့နယ်အတွင်း ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံ ၂၀၅ ခြံ၊ ကောင်ရေ ၅ ဒသမ ၄ သိန်းကို ၁–၃–၂၀၀၇ မှ ၂၁–၄–၂၀၀၇နေ့အထိ ကွင်းဆင်း၍ ရောဂါသွင်ပြင်လက္ခဏာများ စစ်ဆေးခြင်း၊ ပုံမှန်မဟုတ်သော သေဆုံးမှုရှိ/မရှိ စစ်ဆေးခြင်းများ ကြိမ်ရေ(၇၀)စစ်ဆေးခဲ့ရာ ထူးခြားသေဆုံးမှုမရှိကြောင်းနှင့် မွေးမြူတိရစ္ဆာန်များ ကျန်းမာရေးကောင်းမွန်ကြောင်း။

၆။ **အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု။** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုဆရာဝန်များသည် ၆–၃–၂၀၀၇မှ ၂၁–၄–၂၀၀၇နေ့အထိ အပြည်ပြည်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူ အတိုင်ပင်ခံပညာရှင်များနှင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ကျွမ်းကျင်သူအတိုင်ပင်ခံပညာရှင်အမည်	ကျွမ်းကျင်မှုပညာရပ်	အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း
Dr.Masao Sasaki	Chief Technical Advisor	FAO integrated Project
Dr.Wantanee Kappravidin	Epidemiologist/Regional Cooordinator	FAO Regional Bangkok
Dr.Larry Allen	Bio-Security Consultant	FAO International consultant
Dr.Toshiyuki Tustsui	Epidemiologist	FAO International consultant
Dr.John Mac Arthur	Team Leader of Infectious disease, Asia	USAID
Dr.Sudarat Damongwart-amapokin	Animal Health Advisor	USAID
Mr.Marcel Andreas Flocchia	Laboratory BIO Corrtainment	USAID
Mr.Alan Peter Whiteland	Veternary Dlagnostician	FAO International Consultant

၇။ **ထိန်းချုပ်မြို့နယ်များအတွင်း ကြက်၊ ဘဲ၊ ငုံးနှင့်၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများရွှေ့ပြောင်း သယ်ယူပို့ဆောင်မှု၊ ရောင်းချမှုကန့်သတ်ခြင်းအပေါ်ပြန်လည်ရုပ်သိမ်းခြင်း။**

(က) ရောဂါထိန်းချုပ်နိုင်မှု။ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော အထက်ပါမြို့နယ် ငါးမြို့နယ်တွင် ရောဂါထိန်းချုပ်နိုင်မှု ကာလအမြင့်ဆုံး ၅၂ ရက် ၁–၃–၂၀၀၇ မှ ၂၁–၄–၂၀၀၇ရက်အထိနှင့် အနိမ့်ဆုံး ၂၀ ရက် ၁–၄–၂၀၀၇ မှ ၂၁–၄–၀၇ နေ့အထိ ရှိပြီးဖြစ်ကြောင်း။

(ခ) ကန့်သတ်မှုရုပ်သိမ်းခြင်း။ ရန်ကုန်တိုင်းအထက်ပါမြို့နယ် ငါးမြို့နယ်အတွင်း ကြက်၊ဘဲ၊ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ဈေးများအတွင်းရောင်းချမှု ကန့်သတ်ခဲ့ခြင်းများအား ၂၂–၄–၀၇ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း။

(ဂ) ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (OIE)၏ ၂၀၀၆ခုနှစ် ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဒဥပဒေအပိုဒ် ၂၇၁၂၄ ဖော်ပြပါ ရောဂါထိန်းချုပ်နိုင်ပြီးနောက် ရောဂါဖြစ်မွေးမြူရေးခြံများ၏ သုံးကီလိုမီတာနှင့် ခုနစ်ကီလိုမီတာများအတွင်းရှိ ကြက်၊ ဘဲမွေးမြူရေးခြံများနှင့် ရောဂါမဖြစ်ပွားသော အခြားပြည်နယ်၊ တိုင်းသို့ ကွင်းဆင်း၍ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုး အကြွင်းအကျန်နှင့် လည်ပတ်နေမှုရှိ၊ မရှိအတွက် ဗိုင်းရပ်စ်ဗေဒဆိုင်ရာနှင့် သွေးရည်ကြည်ဆိုင်ရာ စူးစမ်းရှာဖွေမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးလကာလအတွင်း ရောဂါကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်(OIE)၏ ကိုဒဥပဒေ နောက်ဆက်တွဲအပိုဒ် ၃–၈–၉ ရောဂါစူးစမ်းရှာဖွေရေး နည်းလမ်းများနှင့်အညီ ရောဂါကင်းရှင်းဒေသအဖြစ် သတ်မှတ်နိုင်မည် ဖြစ်ကြောင်း။

၈။ တိရစ္ဆာန်ကျန်းမာရေးသတိ၊ ပြည်သူလူထုနှင့် မွေးမြူသူများအနေဖြင့်ရောဂါထိန်းချုပ်မှုရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် တစ်ကျော့ပြန်လည်မဖြစ်ပွားရေးအတွက် ကြက်၊ ဘဲ၊ ငှက်များ ထူးခြားစွာ သေဆုံးမှု ဆောလျင်စွာ သတင်းပို့ရေး၊ ဇီဝလုံခြုံရေး၊ ရာသီကာလအလျောက် ချင့်ချိန်စွာမွေးမြူရေးစသော မွေးမြူထုတ်လုပ်ရေးသတိ၊ တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်မှု မရှိစေရန် ကျန်းမာရေးအသိရှိရေးနှင့် ရောဂါကင်းရှင်းရေးဆိုင်ရာ စူးစမ်းရှာဖွေရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဖွင့်ပွဲ တက်ရောက်မှာကြား

နေပြည်တော် ဧပြီ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာဘာသာရပ်များပို့ချမှု ရက်တိုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ဌာနအလိုက် လုပ်ငန်းတာဝန်များ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးများ တိုးတက်မြင့်မားလာစေရေးအတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ ယခုအခါ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လှုပ်ရှားမှုတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လက်မှတ်ရေးထိုးခွင့်ကို တစ်ဆင့်လျှော့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသား အရည်အချင်းရှိသူ ရသင့်သူမှန်သမျှ နိုင်ငံသား စိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိဌာနဝန်ထမ်းများသည် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ လုပ်ငန်းများအောင်မြင်ရေးအတွက် မှန်ကန်မြန်ဆန်စွာ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချမည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် စနစ်တကျ အကျိုးရှိစွာ အသုံးချ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

ဗုဒ္ဓအခါတော်နေ့တရားတော် ဟောကြားတော်မူမည်

ရန်ကုန် ဧပြီ ၂၅

၁၃၆၉ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့)ဧပြီ ၃၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် သုဓမ္မေးတန်းကျောင်း ဆရာတော် ဘဒ္ဒန္တမာနိတသိရီဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော ဆရာတော် ငါးပါးတို့က **"ဗုဒ္ဓအခါတော်နေ့တရားတော်"**နှင့် **"ဗုဒ္ဓါဘိသေက အနေကဇာတင်ပါဠိတော်များ"**ကို အသံလွှင့်ဟောကြားတော်မူကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇေယျဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)သည် မေ ၂ရက်မှ ၁၃ရက်အထိ လှိုင်ကော်မြို့၌ကျင်းပမည့် တရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကဝဆရာတော် အရှင်ဝဏ္ဏိဿရ ဓမ္မခရီးစဉ်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမ္ဘာ့ဗုဒ္ဓသာသနာပြုဖြူးဆရာတော်၏တပည့် ကဝအရှင်ဝဏ္ဏိဿရ (ဓမ္မာစရိယ) ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဧပြီ ၂၇ရက် ညတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ တောစခန်းသာ မဟာစည်ရိပ်သာနှင့် တောင်ကြီးမြို့ပေါ်တွင် ၁၂ရက်တိုင် ဟောကြားမည်ဖြစ်ပြီး မေ ၁၅ရက်၊ ကဆုန်လပြည့်ကျော် ၁၅ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ မာရ်အောင်ဓမ္မာရုံတွင် နံနက် ၉နာရီမှ ၁၁နာရီအထိ ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

တရားပွဲ ပင့်ဆောင်လိုသူများ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ လိုင်းခွဲ-၁၈၁သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။ (က-ပ)

စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၅

မရမ်းကုန်းမြို့နယ် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီး၌ အသက် (၆၀)ပြည့်ပြီးသော ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုဆရာ၊ဆရာမများ၊ အရိုးအကြောကျွမ်းကျင်သူများ၊ ခြေတုလက်တုကျွမ်းကျင်သူများအား မေ ၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဆရာဝန်များအသင်းတိုက်၌ လူနာဟောင်းများက စတုတ္ထအကြိမ် ပူဇော်မည်ဖြစ်သည်။ ဂါရဝပြုလိုသော စေတနာရှင်များသည် ဒေါက်တာအေးကို ဖုန်း-၇၂၄၀၉၃၊ ဦးမြတ်သူဝင်း (ရွှေမင်းသား) ဖုန်း-၀၉-၅၁-၀၃၇၂၅၊ ၂၂၉၀၈၇၊ ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄၊ ဦးစိန်ထွေး ဖုန်း-၅၂၅၁၁၉ နှင့် ဒေါ်ထားထားမွန်(သူနာပြုအုပ်) ဖုန်း-၆၆၀၈၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရောဝတီတိုင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုအဖွဲ့ဝင် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့် အဖွဲ့ဝင်များ ဧပြီ ၂၁ ရက်က ညောင်တုန်းမြို့နယ် ဆင်တုံးကျေးရွာအုပ်စု ရိုးတန်းရှည်ကွင်းရှိ လုပ်ကွက်အမှတ်(၂၁/၄) တောင်သူ ဦးမြင့်ကျော်၏ နွေစပါးစိုက်ခင်းတွင် စံကွက်ရိတ်သိမ်းနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာရရှိရေး ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးနှင့် အသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်ခဲ့ရာ ဧပြီလဆန်းမှ စတင်၍ ဧပြီ ၂၄ရက်အထိ ၄၂၉ဦး ထုတ်ပေးခဲ့ပြီး ဆက်လက်၍ ပြည်သူ့လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)** (က-ပ)

တာဝန်ကို အလွဲသုံးစားပြု၍ ငွေကြေးရယူမှုနှင့် ဌာနဆိုင်ရာငွေကြေး အလွဲသုံးစားပြုလုပ်မှုတို့ဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းငါးဦးအား အရေးယူ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏ အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သောနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေးအတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျတိုင်ကြားနိုင်သည့်လမ်းကြောင်းများကို ဖွင့်ပေးလျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာအပြစ်ပေးအရေးယူလျက်ရှိသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ သစ်တောရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ခိုက်ကျေးရွာတွင် တာဝန်ထမ်းဆောင်နေသည့် တောအုပ် တစ်ဦးနှင့် တောခေါင်း နှစ်ဦးတို့အား တာဝန်ကို အလွဲသုံးစားပြု၍ ငွေကြေးများရယူနေမှုဖြင့် ရာထူးချ၍ တရားစွဲဆိုထားကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် ၂၀၀၅ ခုနှစ် ကျွန်းစိုက်ခင်း ထူထောင်ရာ၌ ဌာနဆိုင်ရာငွေကြေး အလွဲသုံးစားပြုလုပ်မှုဖြင့် တောအုပ်ကြီး တစ်ဦးနှင့် တောအုပ်တစ်ဦးတို့အား အလွဲသုံးစားပြုခဲ့သည့်ငွေကြေးကို ပေးလျော်စေပြီး ရာထူးချ၍ တရားစွဲဆို အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

➪ အမှတ်(၂)မှ

စက်ပစ္စည်းအလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းအမျိုးမျိုး စက်ခုတ်စား ထုတ်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၂၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းအနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)ကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာဦးတင့်လွင်က စက်ရုံ၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ပြည့်မီအောင် ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံ၏ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွက် ထုတ်လုပ်မှုလျာထားချက်နှင့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး၊ အရည်အသွေး ပြည့်မီစေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းရေး၊ အလေအလွင့်နည်းပါးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ပစ္စည်းအလုပ်ရုံ၌ ပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စားထုတ်လုပ်နေမှုများကိုလည်းကောင်း၊ တပ်ဆင်ရေးအလုပ်ရုံ၌ မာဇဒါဂျစ်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ နံနက် ၉နာရီမှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသမီး 'ခတ'ပြိုင်ပွဲအမျိုးအစားတွင် တစ်ဦးချင်း 'ခတ'နှင့် အသင်းလိုက် 'ခတ'ပြိုင်ပွဲတို့ပါဝင်မည်ဖြစ်ပြီး 'ကုမိတဲ' ပြိုင်ပွဲအမျိုးအစားတွင် ၄၈ကီလိုနှင့်အောက်၊ ၅၃ ကီလိုနှင့်အောက်၊ ၆၀ ကီလိုနှင့်အောက်၊ ၆၀ကီလိုအထက်နှင့် အသင်းလိုက် 'ကုမိတဲ'ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

အမျိုးသား 'ခတ'ပြိုင်ပွဲ အမျိုးအစားတွင် တစ်ဦးချင်း 'ခတ'နှင့် အသင်းလိုက် 'ခတ'ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး 'ကုမိတဲ'ပြိုင်ပွဲ အမျိုးအစားတွင် ၅၅ကီလိုနှင့်အောက်၊ ၆၀ကီလိုနှင့်အောက်၊ ၆၅ကီလိုနှင့်အောက်၊ ၇၀ကီလိုနှင့်အောက်၊ ၇၅ကီလိုနှင့်အောက်၊ ၇၅ကီလိုအထက်နှင့် အသင်းလိုက် 'ကုမိတဲ' ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲတွင် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက် ဒိုင်လူကြီးများ လိုက်ပါဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကရာတေးဒို ဒိုင်သင်တန်း (၂/၂၀၀၇)ကို ဇွန် ၃ရက်မှ ၆ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ မြန်မာနိုင်ငံကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဒိုင်သင်တန်း တက်ရောက်ကြမည့်သူများသည် ဇွန် ၂ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ရောက်ရှိသတင်းပို့ကြရမည်ဖြစ်သည်။ ဒိုင်သင်တန်းသို့တက်ရောက်ကြမည့်သူများ၏ တည်းခိုစားသောက်ရေးကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

၄၀ ဒီဂရီဆယ်စီယပ်အတွင်း ရှိနေနိုင်သည့်အတွက် ရေကိုအရည်အသွင်ဖြင့် တွေ့ရနိုင်သည်ဟု ခန့်မှန်းခြင်းဖြစ်ကြောင်း သိပ္ပံသုတေသီ စတက်ဖနီဦးဒရိုင်းက ပြောကြားသည်။ ၎င်းက ယခုဂြိုဟ်သစ်နှင့်ပတ်သက်သော အစီရင်ခံစာကို ခေါင်းဆောင် ပြုစုသူဖြစ်သည်။

ဂြိုဟ်ကမ္ဘာသစ်၏ အချင်းသည် ဤကမ္ဘာမြေ၏အချင်းနှင့်နှိုင်းယှဉ်ပါက ၁ဒသမ ၅ဆ ပိုကြီးမားသည့်အပြင် ပုံစံများဖန်တီး၍ လေ့လာမှုများပြုလုပ်ကြည့်ရာ ယင်းဂြိုဟ်သည် ကျောက်သားများပိုများပြီး မြေကမ္ဘာကဲ့သို့ပင် သမုဒ္ဒရာရေပြင်များလည်း ရှိနိုင်သည်ဟုဆိုသည်။

ဖော်ပြပါတွေ့ရှိချက်နှင့် သုံးသပ်ချက်များကြောင့် ကမ္ဘာမြေပြင်ပတွင် သက်ရှိများကိုရှာဖွေရာ၌ အနာဂတ်ကာလတွင် ယခုတွေ့ရှိထားသော ဂြိုဟ်သစ်သည် အဓိကဦးတည်ရှာဖွေရာနေရာ ဖြစ်လာနိုင်သည်ဟု ဂရီနိုဘယ်လ်တက္ကသိုလ်မှ ပညာရှင် ဇားဗီးယားဒယ်လ်ဖော်ဆီးက ပြောကြားသည်။

အင်တာနက်။

သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ကျောက်ကြီးမြို့နယ်မှ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၅

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာနေ ကိုခင်မောင်ထွန်းသည် ဖော်ဆိပ်ရွာသို့သွားရောက်စဉ် ဧပြီ ၂၃ ရက်တွင် မြောင်ဦးရွာအရှေ့ဘက် မုန်းချောင်းအနီးသို့အရောက် သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိသဖြင့် ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့၍ မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူး ဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း စက်မှု(၁) ဈေးရောင်းပွဲတော် တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ခုံးကျော်တံတားအနီးရှိ မြေကွက်လပ်၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်တို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်းက အထူးဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ယနေ့မှ မေ ၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပြီး အမှတ် (၁) စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် ကုန်ပစ္စည်းများကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅–၄–၂၀၀၇)

ကလေး
၀ဒသမ ၅၅လက်မ

ဟားခါး
၀ဒသမ ၃၆လက်မ

ပူတာအိုနှင့်မချမ်းဘော
၀ဒသမ ၂၈လက်မ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အီတလီသမ္မတနိုင်ငံ COELME မှ အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၂၃ရက် ညနေပိုင်းတွင် အီတလီသမ္မတနိုင်ငံ COELME မှ Mr. Francesco Basso နှင့်အဖွဲ့အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံရာ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၅–၄–၂၀၀၇)

မင်းဘူးနှင့်မကွေး
၄၃ ဒီဂရီ စင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

ပျဉ်းမနား၊ ချောက်၊ အောင်လံ၊ ပြည်၊ ရွှေကျင်၊ သာယာဝတီ၊ ရန်ကုန်(မင်္ဂလာဒုံ)နှင့် ဟသ်ာတ
၄၂ ဒီဂရီစင်တီဂရိတ်
(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ကက်ကင်း ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂၅

ယခုသောကြာပတ် ဧပြီ ၂၇ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံမဝင်ဘဲ မြန်မာနှစ်ဆန်း ၁ ရက်မှစ၍ ရုံတင်ပြသနေသော ကက်ကင်း ဇာတ်ကား တစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

အကယ်ဒမီငြိမ်းမင်း၏ ဝတ္ထုဇာတ်ညွှန်းကို မောင်မျိုးမင်း(ရင်တွင်းဖြစ်) ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည့် ကက်ကင်းဇာတ်ကားမှာ အမည်ဆန်းသလိုပင် ဇာတ်လမ်းမှာလည်း ထူးထူးဆန်းဆန်းဖြစ်သည်။ အမြွာသမီးနှစ်ယောက်ရှိသော မုဆိုးဖိုဖခင်က သမီးနှစ်ယောက်အတွက် ခင်ပွန်းကောင်း ရွေးချယ်ရာတွင် သမက်လောင်းများနှင့် ယောက္ခမလောင်းတို့ ပညာစွမ်းပြိုင်ကြပုံကို ဟာသသွက်သွက်ဖြင့် ရိုက်ကူးထားရာ ပရိသတ်များ ပျော်ရွှင်ကြည်နူးဖွယ် ကြည့်ရှုရမည့် ဇာတ်ကားတစ်ကား ဖြစ်သည်။

ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ ဒွေး၊ မေသဥ္ဇာဦးနှင့်နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ Edward Zwick ရိုက်ကူးပြီး နာမည်ကြီး သရုပ်ဆောင်မင်းသား လီယိုနာဒိုဒီကာပရီယို ပါဝင်သည့် BLOOD DIAMOND ဇာတ်ကား ပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ စိန်တွင်းများကို အကြောင်းပြု၍ အပြန်အလှန် တိုက်ခိုက်ကြပုံကို ဇာတ်လမ်းဖွဲ့ထားသည့် စွန့်စားမှုအသားပေး ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Zhang Yimou ရိုက်ကူးပြီး နာမည်ကြီး တရုတ်ရုပ်ရှင်သရုပ်ဆောင် ချောင်ယွန်ဖတ်နှင့် မင်းသမီး ဂေါင်လီတို့ပါဝင်သော CURSE OF THE GOLDEN FLOWER ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ အေဒီ ၉၂၈ ခုနှစ် တရုတ်ပြည်တွင် တန်မင်းဆက်အုပ်စိုးစဉ်က နန်းတွင်း အဖြစ်အပျက်များကို ရိုက်ကူးထားသည့် စွန့်စားမှုအသားပေး ကွန်ဖူးသိုင်း စွမ်းရည်ပြ ဇာတ်ကားဖြစ်သည်။ (ကြေးမုံ)

ကက်ကင်းဇာတ်ကားသစ်မှ ရန်အောင်နှင့်မေသဥ္ဇာဦးတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

ချင်းပြည်နယ် ဖလမ်းခရိုင်၌ လေပြင်းတိုက်ခတ်

ရန်ကုန် ဧပြီ ၂၅

ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်မြို့နယ်၌ ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းတွင် လေပြင်းများတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၄–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ အကပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Let's Go.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၃၀ ၇။ **"အနိုင်အရှုံး" (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅း၃၅ ၈။ တေးဂီတအစီအစဉ်
၅း၄၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သီရိဂေဟာ
၇း၀၀ ၁၃။ Discovery
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ ရင်ခုန်သံ" (အပိုင်း–၁၆)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး" (အပိုင်း–၂၉)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ပြည်တွင်း သတင်းမှတ်တမ်း

ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်

တောင်ကြီး ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပူဇော်ပွဲကို ဧပြီ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် သတင်းစာတိုက်ဝင်းအတွင်း၌ ကျင်းပရာ တောင်ကြီးမြို့ စူဠာမုနိ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဂုဏဝံသာလင်္ကာရ (လူမှုထူးချွန်၊ဒုတိယဆင့်)အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး စာတည်း ဦးနိုင်ထွန်းနှင့်ဝန်ထမ်းများက လှူဖွယ်ဝတ္ထု အစုစု ဆက်ကပ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

သစ်သီးအလှပြုပြင်မှု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူး၍ သစ်သီးအလှပြုပြင်မှု သင်တန်း (FRUIT CURVING) အမှတ်စဉ် (၁/၂၀၀၇)ကို မေ ၉ ရက်မှ ၁၉ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ၃နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀ စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၅၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး၊ တယ်လီဖုန်းအမှတ် - ၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

လက်မှတ်ရစာရင်းကိုင် သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၅

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန၏ စီမံမှုဖြင့် သမဝါယမသင်တန်းကျောင်း တောင်ကြီးတွင် လက်မှတ်ရစာရင်းကိုင်သင်တန်း (၁၈/၂၀၀၇)ကို မေ ၃ ရက်မှ ဩဂုတ် ၁၈ ရက်အထိ (တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၉ နာရီမှ ညနေ၃ နာရီအတွင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အခြေခံပညာအထက်တန်းဖြေဆိုထားသူများ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက အစိုးရအသိအမှတ်ပြု (CBA)လက်မှတ်အပ်နှင်းမည်ဖြစ်ပြီး ရပ်ဝေးမှ သင်တန်းတက်လိုသူများအတွက် ကျောင်းအိပ်၊ကျောင်းစား လက်ခံပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၃၂၀သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

တောင်သာမြို့နယ်အသင်း အစည်းအဝေး

ရန်ကုန် ဧပြီ ၂၅

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း စက်မှုဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးနှင့်အတူ ပညာရည်ချွန်ဆုပေးပွဲကို ပူးတွဲကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများ စာရင်းပေးသွင်းရန်နှင့် အသင်းမဝင်ရသေးသူများ တက်ရောက်နိုင်ကြောင်း အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေးအထောက်အကူပြု ဝါးကတုတ်ရေလှောင်တမံစီမံကိန်း ဝန်ကြီးဗိုလ်ချုပ်ထွေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၄ ရက်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ အထက် လေးမိုင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်နေသည့် ဝါးကတုတ် ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက စီမံကိန်းလုပ်ငန်းများ ဖြစ်သည့် ရေပိုလွှဲတည်ဆောက်ပြီးစီးနေမှု၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေငြိမ်ကန်နှင့် ရေကျအဆောက်အအုံတည်ဆောက်ပြီးစီးမှုများ၊ ပင်မတမံ၊ ကုန်းကျောတမံများ မြေကြီးဖို့လုပ်ငန်း၊ ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြပြီး ရေလှောင်တမံ၏ လက်ယာဘက်ကုန်းကြောတမံတွင် ဘိလပ်မြေ သရွတ်မှုတ်သွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဦးစီးအရာရှိ (ဘူမိ)ဒေါ်ပွင့်သွယ်ဝင်းနှင့် ဒေါ်စိုးစိုးမွန်တို့က ရှင်းလင်းတင်ပြကြ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက စီမံကိန်း သတ်မှတ်ကာလ ပြီးစီးရေးအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်း သုံးပစ္စည်းများ အချိန်မီရရှိရေး စာရင်းဇယားပြုစုတင်ပြကြရန်၊ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးအတွက် ကွန်ပျူတာအပါအဝင် ကျွမ်းကျင်မှုသင်တန်းများ တိုးမြှင့်ဆောင်ရွက်ရေး လုပ်ငန်းအလိုက် မှတ်တမ်းတင်သုတေသနပြု ဆောင်ရွက်ရန်မှာကြားပြီး တည်ဆောက်ပြီးစီးသွားသော အကျယ် ပေ ၃၀၊ အလျားပေ ၄၃၀ ရှိ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲကို လည်းကောင်း၊ ရေထိန်းမျှော်စင်၆x၄ ပေ အရွယ်အစား တံခါးတစ်ပေါက်ပါ သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန် ပြီးစီးမှု၊ ရေငြိမ်ကန်၊ ရေကျအဆောက်အအုံ၊ ပင်မရေတူးမြောင်း၊ စက်ယန္တရားကြီးများဖြင့် အလျားပေ ၆၄၀၀၊ အမြင့် ၈၆ ပေရှိ ပင်မတမံ မြေကြီးလုပ်ငန်းများ၊ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ ဝါးကတုတ်ရေလှောင်တမံအား ယခုနှစ်မိုးရာသီတွင် စီးဝင်ရေကို စတင်သိုလှောင်ထားကာ ပင်မတမံပေါ် ရေကျော်မသွားနိုင်အောင် ယုတ်လျော့ဖြတ်ပိုင်းပုံ (Reduce Section)ဖြင့် ဆောင်ရွက်ပြီး နွေရာသီတွင် မိုးယွန်းကြီးအင်းအတွင်းသို့ တိုက်ရိုက်ထိန်းညှိလွှတ်သွင်းပေးနိုင်ခြင်းဖြင့် ရန်ကုန်မြို့ မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေးစီမံချက်ကို အထောက်အကူပြုအားဖြည့်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြို့သစ်ဓမ္မာရုံကျောင်းတိုက်၌ မေ ၅ ရက်မှ ၁၄ ရက်အထိ သရက်မြို့ အလင်းရောင်ကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုသလ၊ မြို့သစ်ဓမ္မာရုံကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရနှင့်သရက်မြို့ ဘာဝနာကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကေသဝ တို့ ဦးဆောင်၍ ဒသမအကြိမ်မြောက် မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး မေ ၄ ရက် ညနေ ၅ နာရီခွဲအရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မာလာမြိုင်ရိပ်သာလမ်းနေ (ဦးလှဦး)-ဒေါ်ခင်အုံးကြင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို ပိဋကဆရာတော်ဘဒ္ဒန္တ စာရိန္ဒာဘိဝံသ ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေရှိ စေတီတော်များ၊ သာသနိကအဆောက်အအုံများ လျှပ်စစ်မီးသွယ်တန်း ပူဇော်ရန်အတွက် ဦးမြင့်သန်း-ဒေါ်သန်းသန်းမိသားစု (စမ်းချောင်းမြို့နယ်)ကအလှူငွေကျပ် သုံးသိန်းကို လျှပ်စစ်မီးရရှိရေး ကော်မတီ နာယက ဦးစံဦးသို့ ပေးအပ်လှူဒါန်းစဉ်။ (၆၁)

မဟာသံဃသာရ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဘိုကုန်းဇေယျာ သိဒ္ဓိမဟာသံဃသာရ ဘုရားကျောင်းတွင် သီတင်းသုံးသည့် မဟာသံဃသာရ ရုပ်ရှင်တော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ကျောင်းတိုက် ပဓာနနာယက ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရအရှင်သူမြတ် ကြီးမှူး၍ ကဆုန်လပြည့်၊ ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ပင့်သံဃာတော်များနှင့် ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူမည်ဖြစ်ရာ အလှူရှင်များ အချိန်မီ ကြွရောက်ကြရန်နှင့် ဧပြီ ၂၉ ရက် (တနင်္ဂနွေနေ့) ညမှစ၍ ပန်း၊ သစ်သီးများကပ်လှူနိုင်ပြီး ဘုရားအာရုံပြု၊ ပုတီးစိပ်ဆုတောင်း၊ အဓိဋ္ဌာန်ဝင်နိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

မီး သတိပြု

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၁၁)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

လက်ခံယူ

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာ၊ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ နေ ဦးကြည်၊ ဒေါ်ခင်ဝင်းမေ မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(က-ပ)

ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

သွင်းကုန်အစားထိုးပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံ

သတင်း-ဓာတ်ပုံ
သန့်ဇင်ထွန်း(ကြေးမုံ)

နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ်ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းရှိ အတတ်ပညာရှင်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၏ တီထွင်နိုင်မှုစွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ တီထွင်မှုများ တိုးတက်ဖွံ့ဖြိုးလာမှသာ သွင်းကုန်အစားထိုးပစ္စည်းများကို ပြည်တွင်းတွင် ထုတ်လုပ်လာနိုင်ပြီး နိုင်ငံခြားမှ မှာယူရခြင်းမရှိတော့၍ နိုင်ငံခြားငွေကုန်ကျမှု သက်သာစေမည်ဖြစ်ပါသည်။ ဤကဲ့သို့ သွင်းကုန်အစားထိုး ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် စက်မှုဇုန်များသည် ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအား အဓိကပံ့ပိုးပေးသည့် အခြေခံအဆောက်အအုံများ ဖြစ်ကြပြီး

တပ်ဆင်ပြီးသည့် မော်တော်ဆိုင်ကယ်များကို ဈေးကွက်သို့ မပို့မီ ဤသို့ နောက်ဆုံးအဆင့် စစ်ဆေးရသည်။

၎င်းစက်မှုဇုန်များထဲတွင် ရေနံချောင်း စက်မှုဇုန်သည် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်နိုင်သည့် စက်မှုဇုန်အဖြစ် လူသိများထင်ရှားလာနေပြီဖြစ်ကာ ထုတ်လုပ်မှု အရှိန်အဟုန်လည်း ရရှိနေပြီဖြစ်ပါသည်။ ရေနံချောင်းစက်မှုဇုန်ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့ကာလတွင် ဆိုင်ကယ်အဓိက ထုတ်လုပ်သည့် စက်မှုဇုန်ဖြစ်လာစေရန် နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်၏ ပံ့ပိုးမှုနှင့်အညီ ပြည်တွင်း၌ မော်တော်ဆိုင်ကယ်များကို ထုတ်လုပ်လာနိုင်ပြီဖြစ်သည့် ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၏ စတားမော်တော်ဆိုင်ကယ်စက်ရုံကို ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ရာ လုပ်ငန်းရှင်ဖြစ်သူ ဒေါ်ဝင်းမော်ထွန်းက ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံများကို အကျယ်တဝင့် ရှင်းပြခဲ့ပါသည်။

ယခုလုပ်ငန်းကို မလုပ်ကိုင်မီက ဖခင်ဖြစ်သူ၏ ရေနံချက်စက်ရုံ မော်တော်ကား ပန်ကာကြိုးလုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ ဖယောင်းတိုင်လုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ကိုင်ခဲ့ရာမှ စက်မှုလုပ်ငန်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိခဲ့ပြီး တီထွင်မှုလုပ်ငန်းများ လုပ်ကိုင်ရန်ဝါသနာပါလာခဲ့ကြောင်း ဒေါ်ဝင်းမော်ထွန်းက ဦးစွာရှင်းပြပါသည်။

ထိုမှတစ်ဆင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးကို အဓိကအထောက်အကူပြုပြီး ဈေးနှုန်းသက်သာသော မော်တော်ဆိုင်ကယ်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် ဦးစွာလေ့လာခဲ့ကြောင်း၊ ပြည်ပမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များ၏ စက်ပစ္စည်းနှင့် ကိုယ်ထည်အစိတ်အပိုင်းများကို လေ့လာခဲ့သည့်နည်းတူ မည်သည့်ပစ္စည်းအစိတ်အပိုင်းကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ကိုလည်း အဓိကဦးစားပေးစဉ်းစားခဲ့ကြောင်း။



ရေနံချောင်း စက်မှုဇုန်၌ စတင်တည်ထောင်ခဲ့ရာ ရေနံချောင်းစက်မှုဇုန်၏ ပထမဆုံးမော်တော်ဆိုင်ကယ်စက်ရုံ ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ပထမဆုံး မော်တော်ဆိုင်ကယ်စက်ရုံဖြစ်လာကြောင်း၊ ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့်ပစ္စည်းများကို မိမိကိုယ်တိုင် တီထွင်ကြံဆပြီး စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေါ်ဝင်းမော်ထွန်းက မော်တော်ဆိုင်ကယ် ထုတ်လုပ်ရာတွင် အဓိက လိုအပ်သည့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရန် ပြည်တွင်း၌ မို (mole) ဒိုင် (dye)နှင့် ဂျစ် (gig)များ ထုတ်လုပ်နိုင်မှသာ စက်ပစ္စည်းအရေအတွက် များစွာကို စီးပွားဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်၍ ၎င်းမို/ဒိုင်ပညာများကို ကိုယ်တိုင်



မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများ ထုတ်လုပ်ထားမှုကို တွေ့ရစဉ်။

ထို့နောက် ပြည်ပမှ နည်းပညာရရှိရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့ (LIFAN) ကုမ္ပဏီမှ စက်မှုနည်းပညာနှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်ပုံ နည်းစနစ်များကို သွားရောက် လေ့လာသင်ယူခဲ့ကြောင်း၊ ထိုသို့လေ့လာခဲ့ပြီး ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၏ စတား မော်တော်ဆိုင်ကယ်စက်ရုံကို ၂၀၀၄ ခုနှစ်တွင် မကွေးတိုင်း

နားလည်အောင် ကြိုးစားခဲ့သည့် နည်းတူ မိမိနားမလည်သည်များကို ပြည်ပ ပညာရှင်များထံ ပူးပေါင်းသင်ယူပြီး လက်တွေ့ ပူးတွဲလုပ်ကိုင်ခဲ့ရကြောင်းဖြင့် ဆက်လက် ပြောကြားသည်။

၎င်းတို့ စက်ရုံမှ စတား မော်တော်ဆိုင်ကယ်ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး ထုတ်လုပ်နိုင်ခဲ့ပြီး စတင်စမ်းသပ်ထုတ်လုပ်စဉ်က အစီး ၁၀၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့သော်လည်း လက်ရှိတွင် ရှစ်နာရီ အလုပ်ချိန် တစ်ဆိုင်း၌ စီးရေ ၇၀ထုတ်လုပ်နိုင်စွမ်းရှိပြီး တစ်နှစ်ကို အစီး ၈၀၀၀ အထိ ထုတ်လုပ်နိုင်နေပြီဖြစ်သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စီးရေနှစ်သောင်းအထိ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးစားနေကြောင်း သိရသည်။

ဈေးနှုန်း သက်သာသော မော်တော် ဆိုင်ကယ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် ဦးစွာစူးစမ်းလေ့လာခဲ့။
ဒေါ်ဝင်းမော်ထွန်း
(စတားမော်တော်ဆိုင်ကယ်စက်ရုံ)

ဤကဲ့သို့ ထုတ်လုပ်မှုအရေအတွက် တိုးတက်လာသည်နှင့်အမျှ အရည်အသွေး ထိန်းညှိမှု (Quality Control) ကိုလည်း မျက်ခြည်မပြတ် လုပ်ဆောင်လျက်ရှိရာ ဆိုင်ကယ်တစ်စီးတပ်ဆင်ရန်အတွက် Motorcycle Assembly Line ပေါ်တွင် Roller Chain Type Conveyer စနစ်ဖြင့် Air Operated Tools တို့ကို အသုံးပြုကာ Nut-driver များဖြင့် အဆင့်ဆင့်တပ်ဆင်သည့်အပြင် တပ်ဆင်ပြီး မော်တော်

မော်တော်ဆိုင်ကယ် ကိုယ်ထည် ဆက်စပ်ပစ္စည်းများကို အချိုးအစား ညီညွတ်မှု စံချိန်စံညွှန်းစစ်ဆေးသည့် ခေတ်မီစက်ကိရိယာများအား တွေ့ရစဉ်။

ဆိုင်ကယ်များကို Motorcycle Alignment Testing Machine ပေါ်တွင် Computer Control Type ဖြင့် စမ်းသပ်စစ်ဆေးပြီးမှသာ ဈေးကွက်တင်ကြောင်းသိရသည်။

ထို့ပြင် ထုတ်လုပ်ပြီး မော်တော်ဆိုင်ကယ်များကို ဈေးကွက်သို့ မတင်ပို့မီ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အရည်အသွေးစံချိန်စံညွှန်းတို့ကို စစ်ဆေးပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး မောင်းနှင်ခွင့်လိုင်စင်နှင့်တကွ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးကြောင်း သိရှိရပါသည်။

စတားမော်တော်ဆိုင်ကယ်များသည် ဆီစားသက်သာသော ဆိုင်ကယ်များဖြစ်ပြီး 90-CC ဆိုင်ကယ်မှာ ဓာတ်ဆီ တစ်ဂါလန်လျှင် ကီလိုမီတာ ၃၆၀ မှ ၃၈၀ထိ မောင်းနှင်နိုင်ပြီး 110-CC ဆိုင်ကယ်မှာ ဓာတ်ဆီတစ်ဂါလန်လျှင် ကီလိုမီတာ ၃၀၀ မှ ၃၂၀ ထိ မောင်းနှင်နိုင်ကြောင်း သိရ သည်။

ယခုအခါ စတားမော်တော်ဆိုင်ကယ်စက်ရုံသည် မော်တော်ဆိုင်ကယ်သာမက ဆိုင်ကယ်အပိုပစ္စည်းများကိုပါ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

C-90 စူပါကပ်နှင့် ၁၁၀ အမျိုးအစား မော်တော်ဆိုင်ကယ် နှစ်မျိုး ထုတ်လုပ်လျက်ရှိပြီး ဆိုင်ကယ်ထုတ်လုပ်ရာတွင် လိုအပ်သည့် အစိတ်အပိုင်းပေါင်း ၄၀၀ ကျော်အနက် ၃၀၀ နီးပါးကို စက်ရုံတွင်ပင် ထုတ်လုပ်နိုင်နေပြီဖြစ်ရာ ၆၅ ရာခိုင်နှုန်းကို ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ခြင်းပင်ဖြစ်ပါသည်။ ဆက်လက်၍လည်း ဆိုင်ကယ်တစ်စီး၏ အစိတ်အပိုင်းအားလုံးကို ပြည်တွင်း၌ပင် ထုတ်လုပ်လာနိုင်အောင် တီထွင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တတိယအကြိမ် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား" ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို အထက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D. Litt) Ph.D	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၁)ရက် ကြာသပတေးနေ့(၂၆-၄-၂၀၀၇)	**ကျင်းပမည့်နေ့ရက်** ၁၃၆၉ခု၊ ကဆုန်လဆန်း(၁၁)ရက်မှ (၁၃)ရက်အထိ၊ ၂၀၀၇ခုနှစ်၊ ဧပြီ(၂၆)ရက်မှ (၂၈)ရက်အထိ
သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက၊ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊ တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၂)ရက် သောကြာနေ့ (၂၇-၄-၂၀၀၇)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး ကျောင်းကြီးတိုက် ကျောင်းကြီးလမ်း ကြည့်မြင်တိုင်မြို့နယ်
(ကျောက်တစ်လုံး တောရဆရာတော်) ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ	၁၃၆၉ ခု၊ ကဆုန်လဆန်း (၁၃)ရက် စနေနေ့ (၂၈-၄-၂၀၀၇)	**ကျင်းပမည့်အချိန်** ညစဉ်(၇း၀၀)နာရီ

မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ၁၃၆၉ ခုနှစ် ကဆုန်လပြည့်နေ့ (တနင်္လာနေ့) နံနက် ၇နာရီခွဲတွင် စေတီတော်ကြီး၏ အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံးခန်း ဖုန်း– ၃၈၃၇၉၄သို့ ဆက်သွယ်၍ တက်ရောက်ပူဇော်သွန်းလောင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံပဋ္ဌာန်းကျင့်စဉ် ဓမ္မဒါနပို့ချမည်

ရန်ကုန် ဧပြီ ၂၅

ပဲခူးတိုင်း ရွှေကျင်မြို့ လေးထပ်ကျောင်းတွင် ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း၏ သင်တန်းမှူး ဓမ္မဗျူဟာဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ) သည် ဧပြီ ၂၇ရက်နှင့် ၂၈ရက်တို့တွင် နံနက်၇နာရီမှ ၁၁နာရီအထိ အခြေခံ ပဋ္ဌာန်းကျင့်စဉ် သင်တန်းကို ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ (၂၇)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် ဦးချစ်ကို–ဒေါ်ဇင်မေထွန်းမိသားစုက ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ သဲအင်းဂူ မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၅

ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် သဲအင်းဂူ နယ်ရိပ်သာ အမှတ် (၄) ကျောင်းတိုက်တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၃၀ရက်မှ မေ ၄ရက်အထိ ကဆုန်လပြည့်နေ့မှ လပြည့်ကျော် ၄ရက် (စနေနေ့) အထိကျင်းပမည်ဖြစ်ရာ နာကြားလိုသူများ၊ အလှူရှင်များ၊ ကုသိုလ်ရှင်များကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (၂၃)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဧပြီ ၃၀ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် စေတီတော် ဩဝါဒါစရိယဆရာတော်များ ဦးဆောင်၍ ဆရာတော်သံဃာတော်အပါး ၅၀ကျော်နှင့် ဂေါပကအဖွဲ့တို့က ဗုဒ္ဓမြတ်စွာ၏ ကိုယ်ပွားတော် ပရိဘောဂစေတီဖြစ်သည့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြကာ ညောင်ရေသွန်းလောင်းပွဲတော်ကို ဖွင့်လှစ်မည်ဖြစ်သည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တနင်္လာနေ့တွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ ၊အမွှေးနံ့သာများကို နံနက် ၆နာရီမှ ညနေ ၆နာရီအထိ စီစဉ်ပေးထားမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းကဲ့သို့ စတုဒိသာအလှူရှင်များက ဘုရားဖူးများကို အချိုရည်များ၊ ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းကြမည်ဖြစ်သည်။ စတုဒိသာကျွေးမွေးလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း–၂၉၀၄၂၅၊ ၂၉၄၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

BannerStore Super Market အတွက်
Supplier နှင့် နေရာငှားရမ်းမည့်ဆိုင်များခေါ်ယူခြင်း

Sky Lion Trading Co., Ltd မှ မကြာမီ ဖွင့်လှစ်မည့် **BannerStore Super Market** တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို အကျိုးတူပူးပေါင်းလိုပါ၍ သက်ဆိုင်ရာ ကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Supplier များ

၁။ စားသောက်ကုန်ပစ္စည်းများ
၂။ မီးဖိုချောင်သုံးပစ္စည်းများ
၃။ လူသုံးကုန်ပစ္စည်းများ
၄။ ကလေးအသုံးအဆောင်ပစ္စည်းများ
၅။ အိမ်သုံးပစ္စည်းများ
၆။ စာရေးကိရိယာမျိုးစုံ
၇။ ကျန်းမာရေးဓါတ်စာ
၈။ လျှပ်စစ်ပစ္စည်းများ

နေရာငှားရမ်းမည့်ဆိုင်များ

၁။ အလှကုန်ပစ္စည်းများ
၂။ ဖန်စီပစ္စည်းများ
၃။ ဓါတ်ပုံဆိုင်
၄။ မိတ္တူဆိုင်

ဆက်သွယ်ရန် → ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd.
အမှတ် (၅၂၀-အေ)၊ ၄-အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၅၉၃၂၁၊ ၅၅၉၃၂၂၊ ၅၅၉၃၂၃၊ ၅၅၉၃၂၄၊ ၅၅၉၃၂၅၊ ဖက်စ်- လိုင်းခွဲ (၆၀၉)

ဒေါက်တာထင်ပေါ်၊ ဦးသိန်းထွန်း၊ ဒေါ်ရီရီငွေနှင့် တရားရုံးချုပ်ရှေ့နေ ဒေါ်လှလှဝေနှင့် အများသိစေရန် ရှင်းလင်းသတိပေးကြော်ငြာခြင်း

၂၃-၄-၀၇ နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၁၈ ပါ ကြော်ငြာ(ဦးကျော်မင်း(ဘ)ဦးစိုးမြင့်၊ ဒေါ်မေရီခင်(ဘ)ဦးကျော်မင်း၊ ဦးမောင်မောင်လေးနှင့် ၎င်းတို့၏ တရားရုံးချုပ်ရှေ့နေ ဦးသိန်းဇော်ညွန့်နှင့် အများသိစေရန်ကြေညာခြင်း) နှင့်ပတ်သက်၍

၁။ ကြော်ငြာခြင်းအပိုဒ် (၁) မှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ "လက်ရှိ တာဝန်ယူအုပ်ချုပ်သူဒါရိုက်တာအဖွဲ့" ဟူသည့် စကားရပ်ကို သုံးနှုန်းပိုင်ခွင့်မရှိပါ။ ဒေါ်ရီရီငွေ၊ ဦးသိန်းထွန်းတို့သည် တရားဝင်အစုရှင်များမဟုတ်ပါ။ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာခြင်းဖြစ်ပါသည်။ တရားရုံးချုပ် ၂၀၀၆-ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၂နှင့်၂၃ ဆုံးဖြတ်ချက်အမိန့်အရ ဒေါက်တာ ထင်ပေါ်နှင့် အစုဝင်များ ကျင်းပခဲ့သော ၁၇-၈-၀၄ နေ့ သင်းလုံးကျွတ်အစည်းအဝေးသည် တရားဝင်ထမြောက်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယင်းပျက်ပြယ်သောအစည်းအဝေးကြီးမှ ရယူထားသော အုပ်ချုပ်မှုဒါရိုက်တာ၊ ဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ ရာထူးများမှာလည်း တရားဝင်ရပ်တည်နိုင်ခြင်း မရှိကြောင်း သာမန်အသိတရားနှင့်ပင် သိနိုင်ပါသည်။

ဒေါ်ရီရီငွေ၊ ဦးသိန်းထွန်းတို့သည် တရားဝင်အစုရှင်များမဟုတ်သကဲ့သို့ အစုရှယ်ယာ ၄၀.၈% မျှသာ ပိုင်ဆိုင်သော ဒေါက်တာ ထင်ပေါ်နှင့်အဖွဲ့သည် မည်သည့်အခါမျှ ဒါရိုက်တာအဖွဲ့ဖွဲ့စည်းခွင့်မရှိပါ။ ကုမ္ပဏီ ဥပဒေသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းအပိုဒ် ၁၅ အရ အစုရှယ်ယာ ၅၀% နှင့်အထက် ပိုင်ဆိုင်သူများကသာ သင်းလုံးကျွတ်အစည်းအဝေးကို ကျင်းပနိုင်ခွင့်ရှိပြီး ကုမ္ပဏီလုပ်ငန်းကိစ္စများအား ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ကြော်ငြာခြင်းအပိုဒ် (၂) ပထမစာပိုဒ်မှအပ ကျန်သောစကားရပ်များ မှန်ကန်ခြင်းမရှိပါ။ ဒေါက်တာထင်ပေါ်၊ ဒေါ်ရီရီငွေ၊ ဦးသိန်းထွန်းနှင့် ဒေါ်လှလှဝေ (တရားရုံးချုပ်ရှေ့နေ) တို့က "လက်ရှိတာဝန်ယူအုပ် ချုပ်သူ ဒါရိုက်တာအဖွဲ့၊ လက်ရှိတာဝန်ယူအုပ်ချုပ်သူ" ဟူသည့် စကားရပ်များနှင့် ပတ်သက်၍ လုံးဝသုံးစွဲပိုင်ခွင့်မရှိပါ။ မည်သူက တာဝန်ပေးထားပါသနည်း။ မိမိတို့ဘာသာ ကုမ္ပဏီဥပဒေကိုဆန့်ကျင်လျက် မတရားသဖြင့် လက်ဝယ်ထားရှိခြင်းသာ ဖြစ်ပါသည်။ အစုရှယ်ယာ ၅၉.၂ ရာခိုင်နှုန်းပိုင်ဆိုင်သည့် အစုရှင်များက တရားဝင်ရွေးချယ်တင်မြောက် ထားသည့် ဒါရိုက်တာအဖွဲ့ (ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးကျော်မင်း၊ ဒါရိုက်တာ ဦးမောင်မောင်လေးနှင့် ဒါရိုက်တာဒေါ်မေရီခင်)သို့ ကုမ္ပဏီပိုင်ပစ္စည်းငွေ၊ ဝင်ငွေနှင့် စာရင်းဇယားများကို လွှဲပြောင်း ပေးအပ်ခြင်း မပြုဘဲ မတရားသဖြင့် လက်ဝယ်ထားရှိခြင်း၊ အလွဲသုံးခြင်းများ ပြုလုပ်လျက် တမင်မမှန်မကန် ကြော်ငြာခြင်းသာ ဖြစ်ပါသည်။ ဒေါက်တာထင်ပေါ်၊ ဦးသိန်းထွန်း၊ဒေါ်ရီရီငွေ၊ ဦးကျော်သန်း၊ ဒေါ်အေးအေးမြင့်နှင့် ဦးမြိုင်နီတို့အား အလုံမြို့နယ်တရားရုံး၊ ၂၀၀၆-ခုနှစ်၊ ပြစ်မှုကြီးအမှတ် - ၃၃၄ ဖြင့် အရေးယူ စစ်ဆေးလျက်ရှိပါသည်။

၃။ တရားရုံးချုပ် ၂၀၀၆-ခုနှစ် ၊ တရားမအထွေထွေလျှောက်လွှာအမှတ် - ၄၁ (လျှောက်ထားသူ စင်ထရယ်(လ်)မယ်ဒီကယ်(လ်) ဆားဗစ်စစ်ကုမ္ပဏီဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးကျော်မင်းနှင့် ဒေါက်တာထင်ပေါ်ပါ ၅ ဦး) တွင် "(၁)ဒေါက်တာထင်ပေါ်၊ (၂)ဒေါ်ရီရီငွေ (၃) ဦးကျော်သန်း(၄)ဒေါ်အေးအေးမြင့်နှင့် ဦးမြိုင်နီတို့အား ငွေဒဏ် ၂၀၀၀ိ/- (နှစ်ထောင်)စီ ပေးဆောင်စေရမည်။ ငွေဒဏ်မဆောင်ပါက အလုပ်မဲ့ထောင်ဒဏ် (၁လ) စီကျခံစေရန် အမိန့်ချမှတ်လိုက်သည်"ဟု (၂၀-၃-၀၇) ရက်နေ့က စီရင်ချက် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဥပဒေနှင့်ညီညွတ်ခြင်းမရှိ။ တရားရုံးအမိန့်များမပါရှိဘဲ နောက်နောင် မမှန်မကန်ကြော်ငြာခြင်း မပြုရန် ပြင်းထန်စွာ သတိ ပေးလိုက်ပါသည်။ မမှန်မကန်ကြော်ငြာခြင်းများအတွက် ဂုဏ်သတင်းထိခိုက်မှု နစ်နာမှု လျော်ကြေးနှင့် အခြားဥပဒေများအရ ထိရောက်စွာ အရေးယူမည်။

စင်ထရယ် (လ်) မယ်ဒီကယ်ဆားဗစ်စစ်ကုမ္ပဏီ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌဦးကျော်မင်း ၊
ဒါရိုက်တာဦးမောင်မောင်လေး၊ ဒါရိုက်တာဒေါ်မေရီခင်တို့၏ ညွှန်ကြားချက်အရ
ဦးသိန်းဇော်ညွန့်၊ ဦးတင်မောင်ကြီး (တရားရုံးချုပ်ရှေ့နေကြီးများ)
အမှတ် -၅၂၅၊ အခန်း- ၁၇ (၅လွှာ) ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကိုဒူကွဲရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး
သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဧပြီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကိုဒူကွဲရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရေလှောင်တမံ အကြိုတည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် အဝင်လမ်းဖောက်လုပ်ခြင်း၊ မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ၊ တမံအူကြောင်းနေရာရှင်းလင်းခြင်း၊ ရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်နေမှု၊ ဘူမိဗေဒ စမ်းသပ်လေ့လာရေးလုပ်ငန်းများဖြစ်သည့် ပင်မတမံအူကြောင်းတစ်လျှောက် စိန်လွန်ကျင်းခုနစ်တွင်း၊ ရေပိုလွှဲအူကြောင်းတစ်လျှောက် သုံးတွင်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ကိုဒူကွဲရေလှောင်တမံစီမံကိန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ စုဆောင်းရရှိရေး၊ စီမံကိန်းလုပ်ငန်းခွင်၌ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ သက်သာချောင်ချိရေးတို့ကို စနစ်တကျ ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေလှောင်တမံ တည်ဆောက်မည့် မြေပြင်အနေအထားကိုလည်းကောင်း၊ ပင်မတမံ အူကြောင်း ရှင်းလင်းနေမှု၊ သပ်ကျင်းတူးဖော်ရန် စီစဉ် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲ တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ ကိုဒူကွဲရေလှောင်တမံ စီမံကိန်းမှာ ပဲခူးတိုင်း ပဲခူးမြို့နယ် ကိုဒူကွဲချောင်းပေါ်၌တည်ဆောက်နေသည့် တမံအလျားပေ ၂၁၀၀၊ အမြင့်ပေ ၁၀၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး ကန်ရေပြည့် ရေလှောင်နိုင်မှုပမာဏမှာ ဧကပေ နှစ်သိန်းတစ်သောင်းကျော် ဖြစ်သည်။ စီမံကိန်းပြီးစီးပါက မိုးရာသီတွင် စီးဝင်ရေကိုသိုလှောင်ထားပြီး နွေရာသီတွင် ဇောင်းတူ ရေလွှဲဆည်သို့ ရေကူပေးခြင်းဖြင့် ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေးတို့ကို စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးမြို့နယ် ကိုဒူကွဲရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)နှင့် မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းအနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(ညောင်ခြေထောက်)ကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးသစ်လွင်လေးက စက်ရုံ၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ထုတ်ကုန်ပစ္စည်းတစ်ခုချင်းအလိုက် ထုတ်လုပ်မှုအခြေအနေနှင့် စက်ရုံ၏ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီကျော်လွန်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရေး၊ စက်ပစ္စည်းအမယ်သစ်များ စမ်းသပ်တီထွင်ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းရေး၊ အလေအလွင့်နည်းပါးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တပ်ဆင်ရေးအလုပ်ရုံ၌ စက်ရုံမှ ထုတ်လုပ်ပြီးစီးသည့် Drilling Machine များ၊ CNC Lathe Machineများကိုလည်းကောင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ⇨

ကြေးမုံ The Mirror

အင်တာနက် သိပ္ပံသတင်း

ရေတည်ရှိနေနိုင်သော ဂြိုဟ်ကမ္ဘာသစ် နေစကြဝဠာပြင်ပတွင် တွေ့ရှိ

ပေကျင်း ဧပြီ ၂၅

ကမ္ဘာနှင့်သဏ္ဌာန်တူပြီး တသွင်သွင်စီးဆင်းနေသော ရေပါ တည်ရှိနိုင်သည်ဟု ယူဆရသော ဂြိုဟ်ကမ္ဘာတစ်ခုကို နေစကြဝဠာ ပြင်ပတွင် တွေ့ရကြောင်း နက္ခတ္တဗေဒပညာရှင်များက ပြောကြားသည်။

လစ်ဘရာကြယ်စုအတွင်းရှိ ဂလီစီ ၅၈၁ ကြယ်ကို လှည့်ပတ်နေသည့် အဆိုပါဂြိုဟ်ကမ္ဘာသစ်ကို နက္ခတ္တဗေဒပညာရှင်များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ထိုဂြိုဟ်သည် ကမ္ဘာမြေမှ အလင်းနှစ် ၂၀ဒသမ ၅ နှစ်အကွာတွင် တည်ရှိသည်။

သိပ္ပံပညာရှင်များသည် ချီလီနိုင်ငံရှိ အိဆို ၃ ဒသမ ၆ မီတာ မှန်ပြောင်းကိုအသုံးပြု၍ လေ့လာရာမှ ထိုဂြိုဟ်ကမ္ဘာသစ်ကို တွေ့ရှိခြင်းဖြစ်သည်။ ယင်းဂြိုဟ်ပေါ်တွင် တည်ရှိနေသော အပူချိန်ဖြစ်ပေါ်မှု အနေအထားသည် တသွင်သွင်စီးဆင်းနေသော ရေရှိနိုင်သည့် အနေအထားမျိုးဖြစ်၍ ထိုဂြိုဟ်ပေါ်၌ သက်ရှိတွေ့နိုင်သော အလားအလာကို ပိုမိုခိုင်မာစေသည်ဟု ဆိုသည်။

ထိုဂြိုဟ်ကမ္ဘာသစ်ပေါ်တွင် ရှိနေနိုင်သောပျမ်းမျှအပူချိန်သည် သုညဒီဂရီမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၂၅

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ တိုင်းထွာချက်အရ အရှေ့ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုးရွာစဉ် အရှေ့ဘက်မှလေပြင်းများတစ်နာရီလျှင် မိုင် ၃၀မှ ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)